


စိတ်ကူးချိုချိုအနုပညာ

mgyoe.com


နေဇင်လတ်

# လုပ်ခွင့်ရသူ–လုပ်နိုင်သူ



mgyoe.com

mgyoe.com



**လုပ်ခွင့်ရသူ–လုပ်နိုင်သူ**

**နေဇင်လတ်**

nzl0002

1800.00 Ks

mgyoe.com

mgyoe.com

လုပ်ခွင့်ရသူ လုပ်နိုင်သူ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၁၈၁၁၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၁၁၈၁၂၀၇ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို က . ဒ . ဝ ပြုလုပ်၍ ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ်အဖြစ် ၄စောင်ရေ-၅၀၀ရိုက်နှိပ်ကာ ၂၀၀၈ခု၊ ဖေဖော်ဝါရီလတွင် တန်ဖိုး ၁၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · ကိုမြင့်

mgyoe.com

. mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | လွန်သည့်၏အခြားမဲ့ | ၁ |
| ၂။ | မဟာမဲခေါင် | ၇ |
| ၃။ | Sony ကျဆုံးပြီလား | ၁၇ |
| ၄။ | ရှက်စိတ် | ၂၃ |
| ၅။ | တရားဖြင့်ရှင်သန်ခြင်း | ၂၉ |
| ၆။ | မြန်မာ–ထိုင်းခရီးစဉ် | ၃၅ |
| ၇။ | မွေးခွင့်၊ ထွေးခွင့်၊ ကျွေးခွင့် | ၄၇ |
| ၈။ | (၂၁) ရာစုခေါင်းဆောင်မှု | ၅၁ |
| ၉။ | လဲဝံ့သူ၊ ရဲစွန့်သူ | ၅၉ |
| ၁၀။ | မရပ်မနား | ၆၅ |
| ၁၁။ | ယုန်မဟုတ်လိပ် | ၇၁ |
| ၁၂။ | သိဖို့ပဲလိုတယ် | ၇၇ |
| ၁၃။ | လုပ်ခွင့်ရသူလား၊ လုပ်နိုင်သူလား | ၈၅ |
| ၁၄။ | အဆင်းလား၊ အချင်းလား | ၉၃ |
| ၁၅။ | ဘယ်ဝယ်ဘယ်ဆီသို့ | ၉၉ |
| ၁၆။ | ရင်ထဲက | ၁၀၅ |
| ၁၇။ | အဆိုးထဲကအကောင်း | ၁၀၉ |
| ၁၈။ | မှန်လား၊ မှားလား | ၁၁၇ |
| ၁၉။ | အမေ့ဒဿန | ၁၂၅ |
| ၂၀။ | အဖော် | ၁၃၁ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လွန်သည့်၏အခြားမဲ့

10th February 2005

အစွန်း (၂) ပါးကို လူတိုင်းနားလည်ကြသော်လည်း၊ အမြဲတမ်း တစ်ဝက်ချသော အလယ်အလတ်လမ်းစဉ်ကိုလည်း တရားသေဆုပ်ကိုင်မထားရန် ဗုဒ္ဓကအသိထားခဲ့သည်။ အသိနှင့်မယှဉ်သော တရားသေ အလယ်အလတ်လမ်းစဉ်ကိုလည်း ပုံသေနည်းတစ်ခုလို ဖက်တွယ်မထားရန် အဆုံးအမသည် အမြော်အမြင် ကြီးမားလွန်းလှသည်။ မျက်ကန်းမဆုံးဖြတ်ရန်နှင့် အသိကိုပါးနပ်စွာအသုံးချတတ်ရန် ဖြစ်သည်။ အလယ်စွန်းကိုရှောင်ရှားနိုင်ရန်ဖြစ်၏။

အရာရာသည် သူ့ဘောင်သူ့စည်းနှင့် ဖြစ်သည်။ "God never play with dice" ဟူသော သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း၏မှတ်ချက်သည် အရာတိုင်းမက စကြဝဠာကြီးတစ်ခုလုံးပင် သူ့စည်းသူ့ကမ်းနှင့် စနစ်တကျဖြစ်ကြောင်းကို ထင်ရှားရန် မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ သက်ရှိ၊ သက်မဲ့တိုင်းသည် အတိုင်းအတာတစ်ခုထက် ကျော်လွန်မကောင်းခြင်းကို သွယ်ဝိုက်စွာပြောခြင်းလည်း ဖြစ်သည်။

## သက်ရှိ၊ သက်မဲ့

လောကတွင် သက်ရှိ၊ သက်မဲ့နှစ်ပါးဖြင့် ဖွဲ့စည်းထားသည်။ သက်ရှိအားလုံးကို သတ္တဝါဟုသိကြပြီး သက်မဲ့အားလုံးကို ဝတ္ထု၊ အရာဟု နားလည်ကြသည်။ သက်မဲ့တိုင်းမှာ အသိမရှိတတ်ကြသော်လည်း၊ သက်ရှိတိုင်းမှာ သတ္တဝါတို့၏ အဆင့်အတန်းလိုက် အသိရှိကြရသည်။ အသိမဲ့သောသတ္တဝါ ရှိနိုင်ကောင်းသော်လည်း အလုံးစုံကို ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားကြောင်း ဗုဒ္ဓကဟောခဲ့ပြီး ဖြစ်သည်။ ပုံသဏ္ဌာန်ကွဲပြားစွာ တည်ဆောက်ထားသော်လည်း သဘောအရ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော (၄) မျိုးသော ဓာတ်များဖြင့် မကင်းကြပေ။

mgyoe.com

mgyoe.com


Bio-Engineering တိုးတက်လာသည်နှင့်အမျှ ထိုခေတ်သဘောကို သိပ္ပံပညာရှင်များ တစ်စတစ်စလက်ခံလာကြပြီလည်းဖြစ်သည်။ ထိုခေတ် (၄) ပါး၏ အချိုးအစားအရ သက်မဲ့၊ သက်ရှိအားလုံးတို့ ပုံသဏ္ဍာန်၊ သဘာဝကွဲပြားလာကြရသည်လည်း ဖြစ်သည်။

**အသိရှိ၊ အသိမဲ့**

အရာဝတ္ထုများမှာ အသိမရှိတတ်ကြသော်လည်း၊ သတ္တဝါများတွင် အသိရှိတတ်ကြသည်။ နောက်ဆုံးတွေ့ရှိချက်အရ သစ်ပင်စသည်တို့တွင်ပင် အသိရှိကြောင်းကိုတွေ့ရပြီဟု သိပ္ပံပညာရှင်များက ထုတ်ဖော်ကြသည်။ သစ်ပင်များ ငိုတတ်ကြ၊ ညည်းတတ်ကြသည်ဟုဆိုသည်။ သက်ရှိအားလုံးတွင် အသိအမြင့်ဆုံးသတ္တဝါကို လူဟုတစ်တန်းထားပြီး၊ ကျန်အားလုံးကို တိရစ္ဆာန်ဟုခွဲခြားထားခြင်းမှာ ပုံပန်းသဏ္ဍာန်ကြောင့်မဟုတ်ဘဲ၊ အသိဉာဏ်အဆင့်အတန်းကြောင့်ဖြစ်သည်။ သို့ဖြစ်လျှင် အသိအဆင့်မြင့်သည်ဟူသောလူတို့တွင် အသိအဆင့်အနိမ့်ဆုံး မည်မျှရှိသင့်သနည်း၊ (သို့မဟုတ်) အခြေခံအသိ မည်မျှရှိသင့်သနည်းဟူသောမေးခွန်းသည် မေးရန်ကောင်းသောမေးခွန်းတစ်ခွန်း ဖြစ်သင့်လာသည်။

**အိမ်ထောင်ပြု၊ သားမွေး**

ခြင်္သေ့အထီးတစ်ကောင်သည် ခြင်္သေ့အမများစွာနှင့်ပေါင်းဖက်သော်လည်း၊ ကျားသစ်များမှာတစ်လင်တစ်မယား စနစ်ကျင့်သုံးသည်။ တစ်ကောင်နှင့်တစ်ကောင် နှစ်ပေါင်းကွဲကွာကြသော်လည်း မိတ်လိုက်ချိန်တွင် ခင်ပွန်းဟောင်း၊ ဇနီးဟောင်းကို ရအောင်ပြန်ရှာလေ့ရှိသည်။

ခွေးများမှာမူ သခင်အပေါ်သစ္စာစောင့်သိမှုကြီးမားသော်လည်း အိမ်ထောင်ပြု သားမွေးရာမှာ စည်းကမ်းမရှိတတ်ကြချေ။ သားအရွယ်ရောက်သော်လည်း အမေနှင့် ကလေးပြန်မွေးတတ်သလို၊ သမီးအရွယ်ရောက်လျှင်လည်း ဖခင်နှင့်သား ပြန်မွေးတတ်ကြသည်။ ထို့ကြောင့်လည်း မြန်မာမှုနယ်ပယ်တွင် 'ခွေးလိုကျင့်ကြသည်' ဟု ပြောစမှတ်ပြုခဲ့ခြင်း ဖြစ်ဟန်ရှိသည်။

**တာဝန်၊ ဝတ္တရား**

အသိရှိသောလူသားတိုင်းတွင် တာဝန်နှင့်ဝတ္တရားဟူ၍ ရှိသည်။ တာဝန်သည် မဖြစ်မနေလုပ်ရမည့် အလုပ်မျိုးဖြစ်ပြီး၊ ဝတ္တရားသည် လုပ်သင့်သောအလုပ်မျိုး ဖြစ်သည်။ မွေးပြီးလျှင် ကျွေးရခြင်းသည် မိဘများ၏ တာဝန်တစ်ခုဖြစ်သည်။ ဆရာ

mgyoe.com

များ ကျောင်းသားကို စာသင်ရခြင်းသည်လည်း လုပ်ကိုလုပ်ရမည့်တာဝန် ဖြစ်သည်။ ပို၍ လိမ္မာရေးခြားရှိအောင်၊ သုတများအောင် ကျောင်းချိန်ပြင်ပ ဆိုဆုံးမခြင်းသည် တာဝန်ထက်ပိုသောဝတ္တရားများ ဖြစ်သည်။

ပထွေးတစ်ဦးက မယားပါသားကို ငယ်စဉ်ကာလအတွက် ကျွေးမွေးစောင့်ရှောက်ခြင်းသည် တာဝန်ဖြစ်သော်လည်း၊ ထိုသားသမီးများ အရွယ်ရောက် အိမ်ထောင်ပြု မြေးများရသည်အထိ ဆက်လက်ကျွေးမွေး၊ ဆုံးမခြင်းသည် တာဝန်ထက် လွန်သော ဝတ္တရားတစ်ခုကို ထမ်းဆောင်နေခြင်း ဖြစ်သည်။ ထိုသို့သောပထွေးများ လောကတွင် ရှိနေကြသေးသော်လည်း၊ မိဘအရင်းက သားသမီးအပေါ် ကျွေးမွေးမှု ပျက်ပြားနေကြသည်ဆိုလျှင် တာဝန်မကျေသောမိဘ ဖြစ်လာပါမည်။ အဖေ၊ အမေဟု ခေါ်လျှင် ရနိုင်သော်လည်း မိဘဟူသောဂုဏ်နှင့် ထိုက်တန်မည်မဟုတ်။

အလွယ်တကူ 'ရှင်ဘုရင်' ဖြစ်နိုင်ခဲ့သော ဘုရင့်နောင်သည် မှူးမတ်များ ကမ်းလှမ်းသည်ကိုပင် ကျေးဇူးနှင့်သစ္စာတရားကို စောင့်ထိန်းခြင်းဖြင့် ငြင်းပယ်ခဲ့ဖူးသည်။ 'မင်း' စည်းစိမ်ကို ဘုရင့်နောင်က ကျေးဇူးတရားနှင့် လဲလှယ်ခဲ့သော်လည်း၊ အမွေရလို၍ မိဘပြန်သတ်သောသားသမီးများလည်း ရှိခဲ့ဖူးဖြစ်သည်။ ငယ်စဉ်က မြန်မာစာသင်ခဲ့သော ဆရာကြီးတစ်ဦးမှာ သားသမီး (၄) ဦးကို ရန်းကန်ကျော်လွှား ကျွေးမွေးခဲ့သော်လည်း၊ ထိုဆရာကြီး အရွယ်လွန်သည့်အခါ ထိုသားသမီးများ ပြန်မကြည့်ကြ၍ ဘိုးဘွားရိပ်သာမှာနေရင်း ဆုံးခဲ့ရဖူးသည်။ သားသမီးများက မိဘကိုသိတတ်ခြင်းမှာ 'ရေဆန်' မဟုတ်ပါ။ 'တာဝန်'တစ်ခုဖြစ်ပါသည်။ 'ကံ' ကိုယုံကြည်သော ဗုဒ္ဓဘာသာများအဖို့ မိဘကိုမသိတတ်သော သားသမီးများ၊ ၎င်းတို့ မိဘပြန်ဖြစ်လာကြသည့်အခါ သူတို့၏ သားသမီးများကလည်း ပြန်၍သိတတ် ကြမည် မဟုတ်ချေ။ 'ကံ'သည် တူညီသောတုံ့ပြန်မှုတစ်ခု ဖြစ်ပါသည်။

## အခြေခံအသိ

မျှတစွာတွေးခေါ်တတ်လျှင်ပင် အခြေခံအသိရပြီဖြစ်သည်။ ဘယ်အရာမှာ ဖြစ်ဖြစ် 'ငါ့ဖို့'သာ တစ်ကိုယ်ကောင်းဆန်စွာစဉ်းစားလျှင် လူမှုဝန်းကျင်နှင့် တဖြည်းဖြည်း ဝေးကွာလာမည် ဖြစ်သည်။ အထက်တန်းကျသောခေတ်ပညာကို ဘဝကုသိုလ်ကြောင့် သင်ကြားနိုင်ခြင်းမရှိ၍ ကြီးကျယ်သောလုပ်ငန်းများကို မလုပ်နိုင်သူအား အပြစ်ဆိုဖွယ်မရှိသော်လည်း၊ အချိန်မရွေး ပြင်ယူလျှင်ရသော ကိုယ်ပိုင်ဆိုင်သည့် စိတ်ဓာတ်ကို အများနှင့်အပ်စပ်ရန် မပြုပြင်နိုင်သူတို့မှာ ဝမ်းနည်းဖွယ်ရာ ကောင်းလှပါသည်။ တော်တော်ညံ့သောလူချာများဟုလည်း ကင်ပွန်းတတ်လိုသည်။

mgyoe.com

mgyoe.com

ဈေးကွက်စီးပွားရေးတွင် နိုင်ငံတကာနှင့် ဆက်ဆံရသောလုပ်ငန်းများ ပေါ်ထွန်းလာသည်နှင့်အမျှ ပုဂ္ဂလိကအရည်အချင်းများ ပိုမိုတိုးတက်လာသင့်သည်။ လူတို့၏ အရည်အချင်းပိုင်းဆိုင်ရာနှင့် ကုန်ပစ္စည်းဆိုင်ရာ အရည်အသွေးတို့တွင် စိန်ခေါ်မှုများလာသည်နှင့်အမျှ အတတ်ဆိုင်ရာ၊ အသိဆိုင်ရာကို မရပ်မနား ရှာဖွေနေရသောအချိန်လည်းဖြစ်သည်။ နိုင်ငံသေး၍ ပိုမိုကြိုးစားရသော စင်ကာပူလိုနိုင်ငံမျိုးတွင် ဝန်ထမ်းတို့သည် တာဝန်ကျေရုံဖြင့် မပြီးတော့ချေ။ ဝတ္တရားဟု ဆိုနိုင်သော 'ထက်မြက်သည့်အကြံဉာဏ်' မပေးနိုင်လျှင် အလုပ်မြဲရန်အာမခံချက်မရှိ။ ဟိုးယခင်က 'သက်တော်ရှည်''လုပ်သက်ရင့်' စသော သံယောဇဉ်များကို မညှာမတာ၊ မထောက်မထားဖြတ်တောက်ပစ်ကြသည်။ ကုမ္ပဏီရှင်သန်ရေး၊ နိုင်ငံတိုးတက်ရေး၊ လူမျိုးမြင့်မားရေးအတွက် ရက်ရက်စက်စက် ကြိုးစားနေရသောအချိန်တွင် တချို့ဝန်ထမ်းများသည် 'မလုပ်၊ မရှုပ်၊ မပြုတ်' ဟူသော နွံထဲကထွက်နိုင်ရန် မကြိုးစားကြသေးချေ။

နေ့စဉ် သက်သာခိုလိုစိတ်သည် စွမ်းရည်ကိုပေးသည် မဟုတ်ချေ။ အနာဂတ်အတွက် ပြင်ဆင်ခြင်းလည်းမမည်။ တစ်ချိန် 'သက်သာမှု' ကို ကြိုတင်သုံးစွဲသူဖြစ်သဖြင့် ဒုက္ခတွေ့လျှင် ရင်ဆိုင်နိုင်စွမ်း ရှိမည်မဟုတ်။

## မိုက်တယ်ဆိုတာ တကယ့်လွယ်တာပါ

စိတ်ထိန်းချုပ်မှုကိုလွှတ်လိုက်လျှင် 'မိုက်' ရန် လွယ်ကူပါသည်။ လူတို့တွင် ကောင်းသောစိတ်အရေအတွက်များသော်လည်း၊ စိတ်၏သဘောမှာ မကောင်းမှု၌ သာယာတတ်၍ မည်မျှထိန်းချုပ်နိုင်ခြင်းအပေါ် တန်ဖိုးကွာကြခြင်းသာ ဖြစ်သည်။ တစ်ချိန်က သူဌေးကြီးတစ်ဦးမှာ တစ်နယ်၌အိမ်ထောင်တစ်ခုပြု၍ အိမ်တစ်ဆောင်မီးတစ်ပြောင်နှင့် ထားခဲ့ဖူးသည်။ သူ့ဇာတ်သူနိုင်၍ မပူပင်မကြောင့်ကြ၍ ဖြစ်သည်။

တချို့ ငွေကြေးမပြည့်စုံသော်လည်း အပျော်အပါးများချင်သည်။ အသောက်အစားဖက်ချင်သည်။ ဆန်အိုးထဲမှာ ဆန်မရှိ၊ ကလေးတွေကျောင်းစရိတ်မပြည့်စုံ၊ မိသားစုစားဝတ်နေရေး မပြေလည်သည်ကိုတွေ့သော်လည်း စီးကရက်လက်ကြားမချသော၊ 'ကိုယ့်ရှိဝှက်ထား' 'မယားဆိီကလုစား' သောခင်ပွန်းများ ဒုနှင့်ဒေးရှိနေကြပါသည်။ မိန်းမက ပင်ပန်းကြီးစွာမလောက်မင၊ အနိုင်နိုင်ရှာဖွေနေရသော်လည်း ဂေါက်သီးရိုက်မပျက်သော မိတ်ဆွေကိုတွေ့ခဲ့ရဖူးသည်။ သားသမီးများလူပျိုပေါက်ဖြစ်သည်အထိ ငွေတစ်ကျပ်မှမရှာခဲ့ဘူးသော 'အရှက်ကင်းမဲ့သော' ယောက္ခမအားကိုးသားမက်မျိုးလည်း အများအပြား၊ သူဌေးသမီးယူပြီး၊ ထိုင်စားရုံတင်မက မိန်းမကိုမညှာမတာခိုင်း၍ အလေလိုက်သော သားမက်များလည်း လက်

mgyoe.com

mgyoe.com


ညှိုးထိုးမလွဲ၊ အသိအောက်တန်းကျ၊ စိတ်ဓာတ် အောက်ဘန်းအလွန်ကျသောသူများ ဖြစ်သည်။ 'သားမက်'သည် သားမဟုတ်သည်ကိုပင် မသိသောသူများဖြစ်သည်။ ယောက္ခမလုပ်စာထိုင်စားသော်လည်း ယောက္ခမလာသည်ကိုမြင်ပါလျက် တံခါးပင် ဖွင့်ပေးဖော်မရသောသားမက်မျိုးရှိသည်ဟုဆိုသော် မည်မျှ စိတ်ဓာတ်အောက်တန်း ကျသည်ကို တိုင်းတာနိုင်မည် ဖြစ်သည်။

## ရှက်တတ်မှလူဖြစ်တယ်

အသိအတန်ငယ်မြင့်သော တချို့တိရစ္ဆာန်များပင်လျှင် အရှက်ရှိကြသည်။ အသိမြင့်သောလူတွင် 'ရှက်စိတ်' 'မခံချင်စိတ်'များသည် လူနှင့်တိရစ္ဆာန်ကို သိသိ သာသာခွဲခြားပေးသော အရည်အချင်းများဖြစ်သည်။

ဟီရိသြတ္တပ္ပတရားသည် မကောင်းမှုလုပ်ရန် 'ရှက်၊ ကြောက်' စိတ်ဖြစ်သည်။ အခြေခံအရည်အချင်း၊ ရှိသင့်သောအရည်အချင်းထဲမှတစ်ခုဖြစ်သည်။ မရှက်ချင် လည်းရ၊ ရှက်ချင်လည်းရသော ကိုယ့်ကိုယ်ကိုဖြစ်သောရှက်စိတ်တစ်မျိုး ဖြစ်သည်။ ထို့ထက်မကသော အမျိုးအဆွေနှင့်ပတ်ဝန်းကျင်၊ ကိုယ်ယူသောမိန်းမကပင် ဖွင့် ပြောလာရသောသူများ 'ရှက်စိတ်' မရှိခဲ့ဟုဆိုလျှင် ထိုသူကို 'လူမဖြစ်သောလူ' ဟုသာ ဆိုရတော့မလိုဖြစ်သည်။

အချို့မန်နေဂျာများ အကြောင်းတစ်ခုခုကြောင့် ရာထူးရခဲ့သော်လည်း၊ နောက်မှ လိုက်၍ အရည်အချင်းမပြည့်ဆည်းခဲ့။ ဘာမှမဆုံးဖြတ်နိုင်၊ ဘာမှမညွှန်ကြားနိုင်သော မန်နေဂျာများကို အောက်ခြေမှပြုံးလျက် ခေါင်းချင်းရိုက်ကြခြင်းသည် ရှက်တတ်လျှင် ရှက်ဖွယ်တစ်ခုဖြစ်သည်။ မွေးပြီးမကျွေးသော၊ တစ်ကိုယ်ကောင်းဆန်သော မိဘများ မှာလည်း ပတ်ဝန်းကျင်မှမေးငေါ့ကြသည်ကိုပင် ရှက်ရကောင်းမှန်း မသိလျှင် ?

ခြောက်ပြစ်ကင်းသောသူ လောကမှာမရှိသည်ကားမှန်၏။ အသိရှိလူသား အနေဖြင့် အကောင်းများဖို့သာ လိုသည်ဖြစ်သည်။ တစ်နေရာရာမှာ ထိုက်တန်စွာ အသုံးတည့်ဖို့လောက်တော့ကောင်းသည်။ ပတ်ဝန်းကျင်နှင့်ကင်းကွာ၍မရသောသူ များဖြစ်သဖြင့် အကောင်းအဆိုးကိုလည်း ပတ်ဝန်းကျင်က အဆုံးအဖြတ်ပေးသည်။

ထက်မြက်စွာတော်လျှင် အတိုင်းထက်အလွန်ဖြစ်သော်လည်း၊ အသိရှိလူ တစ်ဦးအနေဖြင့် အနည်းဆုံး အခြေခံအဖြစ် 'ရှက်စိတ်' တော့ ရှိရန်ကောင်းသည်။ 'ရှက်စိတ်' ကလေးမှမရှိလျှင် ဘဝဆုတောင်းကောင်းခဲ့၍ ဤဘဝတွင် လူဖြစ်လာ ရသော်လည်း၊ လူမဟုတ်သောလူသာလျှင် ဖြစ်ပေလိမ့်မည်။ အကောင်းလွန်သူများ မှာ ချီးကျူးဖွယ်ဖြစ်သည်။ အဆိုးလွန်သူများ မည်မျှသော အကန့်အသတ်အထိ

mgyoe.com

mgyoe.com


အဆိုးလွန်သည်ကို သတိထားမိရန်လိုသည်။ 'ရှက်စိတ်' ဟူသောစည်းသည် ၎င်းတို့၏ အစွန်ဆုံးသောစည်းတစ်ခုသာ ဖြစ်သင့်သည်။ သို့ဆိုလျှင် 'ရှက်စိတ်' မရှိသူများ လုပ်သင့်သည်မှာ . . . ။

●

mgyoe.com

mgyoe.com



# မဟာမဲခေါင်

1st April 2005

GMS လို့ ပြောပြောနေကြတဲ့ Greater Mekong Subregional Development ဖွံ့ဖြိုးတိုးတက်ရေးကို အရေးတယူ ဆောင်ရွက်နေကြတာကြာပါပြီ။ World Vision မှာ (2020) ဖြစ်သလို GMS ရဲ့ Vision ကိုလည်း ခရစ်နှစ် (၂၀၂၀) မှန်းထားကြပါတယ်။

ADB လို့လူသိများတဲ့ Asia Development Bank က ကမကထ လုပ်ပါတယ်။ ဒီတစ်ခါ မဟာမဲခေါင်မြစ်နဲ့ဆက်စပ်ဧရိယာဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနဲ့ တရုတ်ရဲ့ ယူနန်နယ်က ကိုယ်စားလှယ်တွေစုပြီး ကမ္ဘောဒီးယားက Siem Reap မှာ ၂၀၀၅ ခုနှစ်၊ မတ်လ (၂၂–၂၃) မှာတွေ့ကြပါတယ်။ ADB, UNESCO, SNV (Netherland) နဲ့ Vietnam က SME အဖွဲ့တွေ Ankor Century Hotel မှာ ဆုံကြတာဖြစ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီးဌာနက ဝန်ကြီး (HE. Lay Prohas) က အဖွင့်မိန့်ခွန်း ပြောပါတယ်။

Project Director က ဩစတြီးယားလူမျိုး Mr. Ludwig G. Rieder ဖြစ်ပြီး သူ့ဇနီးဖိလစ်ပိုင်သူ Ms. Narzalina de Alwis က လူသားအရင်းအမြစ်ဆိုတဲ့ HR ပိုင်းကို ဆွေးနွေးသွားကြပါတယ်။

မြန်မာပြည်အတွက် ဟိုတယ်နဲ့ခရီးသွားလာရေး ဒု–ညွှန်ချုပ် ဦးတင်မောင်ရွှေ၊ ညွှန်ကြားရေးမှူး ဒေါ်ညွှန့်ညွှန့်သန်း၊ လူဝင်မှုကြီးကြပ်ရေးဌာနက ဦးခင်မောင်ကျော်၊ မြန်မာနိုင်ငံ ခရီးသွားလာရေးအဖွဲ့ချုပ်က ဦးဘုန်းသန့်၊ အကြံပေး ဦးမျိုးလွင်နဲ့ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်အနေနဲ့ စာရေးသူတို့ တက်ရောက်ခဲ့ကြပါတယ်။ အခြားနိုင်ငံတွေအနေနဲ့လည်း တစ်နိုင်ငံကို ငါးယောက်၊ ခြောက်ယောက်နဲ့အထက် တက်ကြပါတယ်။

mgyoe.com

mgyoe.com

Workshop တွေ၊ Seminor တွေ၊ Pannel Discussion တွေ တော်တော်များများတက်ဖူးပါတယ်။ Project Director Mr. Ludwig G. Rieder လောက် 'မောင်း' တာ မတွေ့ဖူးသေးပါဘူး၊ ပထမနေ့က မနက်စာထမင်းကို နေ့ခင်း (၂း၀၀) မှ စားခဲ့ရပါတယ်၊ Workshop ကို အချိန်တစ်မိနစ်မှ နောက်အကျမခံခဲ့ပေမယ့်၊ အဖြေမရရင် (Result) ရလဒ်တစ်ခုခုမရရင် 'တန်း ဖြုတ်' မပေးပါဘူး၊ ဒု–ညွှန်ချုပ် ဦးတင်မောင်ရွှေက 'အဲဒီလူကြီး National Service တုန်းက Quarter Master ဖြစ်ဖို့မကောင်းဘူး၊ Drill Master ဖြစ်ဖို့ကောင်းတယ်' လို့ မှတ်ချက်ပေးရလောက်အောင်ပါပဲ။ မြန်မာအဖွဲ့မှ အမျိုးသမီးကြီး ဒေါ်ညွှန့်ညွှန့်သန်း ကလွဲရင် အားလုံး တပ်မတော်သားဟောင်းတွေဖြစ်ကြပြီး၊ အဲဒီသူတွေအားလုံး 'ဩချ' ရတဲ့ပွဲဆိုရင် 'မှန်းဆ' ကြည့်နိုင်ကြမှာပါ။

ရည်ရွယ်ချက်နဲ့မဟာဗျူဟာကောင်းသလို ရလဒ်လည်းသိပ်မဆိုးဘူးလို့ သုံးသပ်ချက်ဆွဲနိုင်ပါတယ်။ မဟာဗျူဟာကိုယုံကြည်သူတွေ၊ လေ့လာလိုသူတွေ အတွေ့အကြုံယူဖို့ ကောင်းပါတယ်၊ အင်အားရှိနိုင်ငံတွေ ရဲရဲဝံ့ဝံ့ပြောနိုင်ကြပြီး၊ အင်အားနည်းသူတွေ မဝံ့မရဲပြောကြတာ ဓမ္မတာပါပဲ။ ထူးခြားတာလေးတွေ တွေ့ရပါတယ်၊ လာအိုလိုနိုင်ငံငယ်လေးမှာ အသက်ငယ်ငယ်အဖွဲ့ဝင်တွေကို အတွေ့အကြုံ လက်ကမ်းတဲ့အနေနဲ့ စေလွှတ်ကြသလို၊ အဲဒီအဖွဲ့မှာ အကြံပေးအဖြစ် အတွေ့အကြုံ ရင့်ကျက်သူ မျက်နှာဖြူ (၃) ဦးတွေ့ခဲ့ရပါတယ်၊ နိုင်ငံအနေနဲ့ ဘယ်လောက် စိတ်ဝင်စားတယ်၊ ပြင်ဆင်ထားတယ်၊ အကုန်အကျခံတယ်ဆိုတာ ပြသလိုက်သလိုပါ။ Language အရ တော်တော်ပြောနိုင်ကြပါတယ်၊ Knowledge နဲ့ Vision အရလည်း ပေမီဒေါက်မီတွေပါပဲ။ အသက်ငယ်သေးလို့ အတွေ့အကြုံ အရသာ နည်းနည်းလိုနေသေးတာလို့ သုံးသပ်လို့ရပါတယ်။

ADB ကိုယ်စားလှယ်ကလည်း လူလတ်ပိုင်းပါ။ တော်တော် တက်တက်ကြွကြွ ရှိပါတယ်၊ အလှူငွေပေးချင့်လွန်းလို့ မကြာခဏ ထ–ထပြောပေးနေပါတယ်၊ မဟာမဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်မှု ဘယ်လောက်အရေးကြီးတယ်၊ ဒေသဆိုင်ရာ ဘယ်လို အကျိုးကျေးဇူးတွေ ရနိုင်တယ်တယ်ဆိုတာ သိဖို့၊ အထက်ဌာနများ၊ သက်ဆိုင်ရာဝန်ကြီးတွေကိုတင်ပြဖို့ ထပ်ခါတလဲပြောရှာပါတယ်။ ကမ္ဘာကြီး ဘယ်လောက်တောင် ယှဉ်ပြိုင်မှုတွေပြင်းထန်နေပြီဆိုတဲ့ အငွေ့အသက်တွေကို ရနေရပါတယ်။

ခရီးသွားလုပ်ငန်းဟာ တဖြည်းဖြည်း ကမ္ဘာကြီးအနှံ့ကြီးထွားနေပါတယ်၊ တချို့နိုင်ငံတွေမှာ နိုင်ငံရဲ့အဓိက ဝင်ငွေရှာပေးနေတဲ့လုပ်ငန်းတစ်ခုအဖြစ်တောင် ရှိ

mgyoe.com

mgyoe.com

တည်နေပါပြီ၊ မြန်မာနိုင်ငံအနေနဲ့လည်း ဆွဲဆောင်အားကောင်းတဲ့ ပုဂံ၊ အင်းလေး၊ မြောက်ဦးလို Destination တွေအပြင် မြိတ်ကျွန်းစုတွေဟာ တစ်ချိန်မှာ ခရီးသွားလုပ်ငန်းက ဝင်ငွေသွဲ့ယူနိုင်တဲ့နေရာတွေ ဖြစ်ပါတယ်၊ (၁၁) ရာစုက အရှေ့တိုင်းယဉ်ကျေးမှုလက်ရာတွေ ပုဂံမှာ အများကြီးပါ။ သဘာဝကန်ဖြစ်တဲ့ အင်းလေးကလည်း အခုတင်မှာကို ဆွဲဆောင်အားကောင်းနေပါတယ်၊ ပင်လယ်ကမ်းခြေအပန်းဖြေလုပ်ငန်းအတွက် ကမ္ဘာကျော်ငပလီနဲ့ ချောင်းသာ၊ ငွေဆောင်က အဆင်သင့်ဖြစ်နေပါတယ်၊ နောက်ပိုင်း သုတေသနစစ်တမ်းတွေအရ မြို့မှာမွန်းကျပ်ပြီးနေသူတွေ ပင်လယ်ကမ်းခြေကိုမက်မက်မောမော သွားတတ်ကြပါတယ်၊ စွန့်စားပြီး အသစ်အဆန်းလိုချင်သူတွေအတွက် မြိတ်ကျွန်းစုက အသင့်လျော်ဆုံးပါ။ တစ်ချိန်မှာ မြိတ်ကျွန်းစုရဲ့ဆွဲဆောင်မှုဟာ အိမ်နီးချင်းက ကမ်းခြေပိုင်းခရီးသွားလုပ်ငန်းရဲ့ ဈေးကွက်ဝေစုကို တော်တော်များများ ဖဲ့ယူနိုင်တဲ့အနေအထားမှာ ရှိပါတယ်။ သဘာဝအရင်းအမြစ်တွေက မြန်မာပြည်ကို တော်တော် မျက်နှာသာပေးထားပါတယ်။

**စီမံကိန်း (၂၇) ခု**

စီမံကိန်း (၂၇) ခုကို Mr. Rieder က ချပြပါတယ်။ စိတ်ဝင်စားတဲ့နိုင်ငံတွေကို မေးပါတယ်၊ စီမံကိန်းအားလုံးမှာ တစ်ခုထက်ပိုတဲ့နိုင်ငံတွေက စိတ်ဝင်စားကြောင်းပြသကြပါတယ်။ ဒုတိယအဆင့်အနေနဲ့ ဦးဆောင်နိုင်ငံကို အဆိုပြုခိုင်းပါတယ်၊ စီမံကိန်း (၅) ခုမှာ ဦးဆောင်နိုင်ငံမပါရှိပါဘူး၊ ဦးဆောင်နိုင်ငံမရှိရင် စီမံကိန်းပျက်ပြယ်တဲ့စနစ်ကို သုံးပါတယ်။ ဆန်ခါတင်အဖြစ် စီမံကိန်း (၂၂) ခုပဲကျန်ပါတယ်။

**(နောက်ဆက်တွဲ - က)**

Pro Poor ဆိုတဲ့ ဆင်းရဲမှုလျှော့နည်းစေရေးက မဟာမဲခေါင်ဒေသဖွံ့ဖြိုးရေးစီမံကိန်းမှာ တော်တော်ရှေ့တန်းရောက်လာတာ သတိပြုမိပါတယ်။ နောက်တစ်ခုက ဘာပဲလုပ်လုပ် HR ဆိုတဲ့ Human Resource က မပါရင်မပြီးသလို အဓိကဆွေးနွေးရတဲ့အကြောင်းအရာတစ်ခုလည်း ဖြစ်ပါတယ်။ တချို့ Population ရယ်၊ Workforce ရယ်၊ Human Resourse ရယ်ကို ခွဲမသိတဲ့သူတွေရှိနေပါတယ်။ လူဦးရေဖြစ်တဲ့ Population ကို Human Resourse နဲ့မှားနေကြသေးတုန်းပါ။

Regional Development ဆိုတဲ့အတိုင်း မဲခေါင်မြစ်နဲ့ဆက်စပ်နိုင်ငံခြောက်ခုကို Single Destination အဖြစ်ထားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်မယ့်အစီအစဉ်ဖြစ်ပါတယ်။ မဟာဗျူဟာမှာ –

mgyoe.com

 mgyoe.com


- New Mekong Office ထားဖို့
- စီမံကိန်းရဲ့ရည်ရွယ်ချက် (၄) ခု
- Single Destination အဖြစ် မြှင့်တင်ဖို့လုပ်ငန်းစဉ် (၆) ရပ်
- Marketing & Promotion အတွက် (၄) ချက်
- GMS (Gerater Mekong Subregion)နဲ့ အခြားစီမံကိန်းများ ဆက်စပ်ခြင်း
- Pro-Poor စီမံကိန်း
- ယဉ်ကျေးမှု၊ သဘာဝ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး
- ဘဏ္ဍာရေးနဲ့စဉ်ဆက်မပြတ်တိုးတက်မှု
- အခြားအကျိုးသက်ရောက်မှုများ
- Private Sector ပါဝင်ရေး
- ငွေကြေးကူညီမှုနဲ့ လှူဒါန်းမှုရှာဖွေရေး

စတဲ့အစီအစဉ်တွေ ပါဝင်ပါတယ်။ ဒေသတစ်ခုလုံး ခြုံငုံစဉ်းစားရတဲ့ စီမံကိန်းမို့ Visa ကိစ္စ၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုမှု၊ အစားအသောက်စတာတွေကိုပါ စဉ်းစားရပါတယ်၊ ယဉ်ကျေးမှုရောနှောခြင်း အနည်းဆုံးဖြစ်အောင်လည်း ထိန်းသိမ်းရမှာဖြစ်ပါတယ်။ အဓိက စွန့်စားမှုတွေနဲ့ အကန့်အသတ်များကိုလည်း မေ့ထားလို့မရပါဘူး၊ စီမံကိန်းတွေထဲက တစ်ခုဖြစ်တဲ့ (The Mekong World Tourism River Corridor) ကိုကြည့်ရင် လုပ်ငန်းကြီးတစ်ခုလုံးရဲ့အနေအထားကို စေ့ငုနိုင်မှာ ဖြစ်ပါတယ်။

<u>Initial Estimated Cost</u> (US $)

| | |
|---|---|
| - Secondary and Feeder Road | 20 mil |
| - River based Infrastructure | 10 mil |
| - City-town and Village Small Scale Infrastructure | 10 mil |
| - Boarder Facilities | 2 mil |
| - Visitor Support Infrasturcture | 2 mil |
| - Research Studies, Marketing and Capacity Development | 3 mil |
| | 47 mil |

Geographic Scope အရ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကနေပြီး Vietnam မြစ်ဝကျွန်းပေါ်ပိုင်းအထိ GMS နိုင်ငံ (၆) ခုကိုဖြတ်သွားတဲ့ မဲခေါင်မြစ်တစ်လျှောက် River Corridor ရဲ့ စီမံကိန်းအပိုင်းတစ်ခု ဖြစ်ပါတယ်။

မြန်မာနဲ့တိုက်ရိုက်ဆက်စပ်ပြီး စိတ်ဝင်စားမှုပြင်းထန်နေတဲ့ စီမံကိန်းကတော့

mgyoe.com

ထိန်ခြုံး–မြစ်ကြီးနားလမ်း ဖြစ်ပါတယ်။ တရုတ်ပြည် Teng Chong နဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနား ဆက်စပ်ဖောက်လုပ်မှာ ဖြစ်ပါတယ်။ ခန့်မှန်းခြေကုန်ကျငွေ အမေရိကန်ဒေါ်လာ (70.74 USD) ဖြစ်ပြီး အခြား Component အတွက် ဒေါ်လာ (၅) သန်းဖြစ်ပါတယ်။

မဟာမဲခေါင်ဒေသကို (၂၀၀၄) ခုနှစ်က ကမ္ဘာလှည့်ခရီးသည် (၁၇.၈) သန်းလာရောက်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ (၁၂) ဘီလီယံ ရရှိခဲ့ပါတယ်။ လူဦးရေ (၃.၅) သန်း အလုပ်အကိုင်တွေရခဲ့ပြီး တချို့တိုင်းပြည်တွေမှာ GDP ရဲ့ (၉%) အထိ ဖြစ်ခဲ့ပါတယ်။ စီမံကိန်းရေးဆွဲသူများအနေနဲ့ (၂.၁၁.၂၀၀၄) က (၂၅.၂.၂၀၀၅) အတွင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဓိကတွေ့ရှိချက်အနေနဲ့

– အလားအလာကောင်းတွေရှိပါတယ်။
– ခရီးသည်ဝင်ရောက်မှုနှုန်းတိုးတက်ပေမယ့် ဝင်ငွေရရှိမှုနည်းနေပါတယ်။ (High Volumn Low Yield)

ဒီနေရာမှာ အနောက်နိုင်ငံမှာ ခရီးသည်တစ်ဦး တစ်နေ့သုံးစွဲငွေ ဒေါ်လာ (၂၀၀) ကျော်နဲ့ အရှေ့ဘက်ခြမ်းမှာ ခရီးသည်တစ်ဦး တစ်နေ့သုံးစွဲငွေ ဒေါ်လာ (၁၀၀) အောက်ကို နှိုင်းယှဉ်နိုင်မှာ ဖြစ်ပါတယ်။ ခရီးသည်တစ်ဦး တစ်နေ့သုံးစွဲငွေကို များနိုင်သလောက်များမှ ပိုပြီးအကျိုးရှိမှာ ဖြစ်ပါတယ်။

ဆွေးနွေးပွဲမှာ မဟာဗျူဟာပိုပြီးထိရောက်ဖို့ MTO (Mekong Tourism Office) ကို ဘန်ကောက်မှာဖွင့်ဖို့နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများကောင်စီ (Tourism Ministers' Council) ကို ဖွဲ့စည်းရန်အထိ ပါဝင်တာကိုကြည့်ရင် ဘယ်လောက်အထိ အလေးထားဆောင်ရွက်နေကြတယ်ဆိုတာ သိနိုင်ပါတယ်။

(၂၀၀၃) ခုနှစ်၊ Tourism Impact ဘယ်လိုရှိတယ်ဆိုတာ ဇယားမှာတွေ့နိုင်ပါတယ်။

(နောက်ဆက်တွဲ - ခ)

အထက်ပါဇယားကို လေ့လာရင် မြန်မာနိုင်ငံအနေနဲ့ Length of Stay က (7.5) days ဖြစ်တဲ့အတွက်ကြောင့် မဆိုးဘူးလို့ဆိုရမှာ ဖြစ်ပါတယ်။ ဝင်ငွေနည်းရခြင်းအကြောင်းက Number of Tourist နည်းတာရယ်၊ တစ်ဦးချင်း သုံးစွဲမှုနည်းတာရယ်ကြောင့် ဖြစ်ပါတယ်။ တစ်ဦးချင်း သုံးစွဲမှုနည်းရတဲ့ အကြောင်းရင်းတွေမှာ သုံးစရာ၊ ဖြုန်းစရာမရှိလို့လည်း ပါ–ပါတယ်။ သူတို့သုံးစရာများအောင် ဖန်တီးပေးရင် အသုံးများလာမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


(ကြုံလို့ ငွေဆောင်နဲ့ချောင်းသာကို အကြမ်းဖျင်း နှိုင်းယှဉ်ပေးချင်ပါတယ်။ ချောင်းသာက လူပိုဝင်ပြီး၊ ငွေဆောင်ကို လူ အသွားနည်းနေပါတယ်၊ Sea, Sand, Sun ဆိုတဲ့အရာမှာ ငွေဆောင်ကပိုသာပေမယ့် လူအလာနည်းရတာက Service Area မရှိလို့ဆိုတာ ကောက်ချက်ဆွဲနိုင်ပါတယ်၊ ကမ်းခြေမှာအပန်းဖြေသူတွေက ရေထဲ (၂၄) နာရီလုံး မစိမ်နိုင်ပါဘူး၊ အများဆုံး တစ်နေ့ ရေ (၂) ခါကူးပြီးရင် ဟိုသွားသည်သွား၊ ဟိုဝယ်သည်ဝယ်၊ ဟိုဖြုန်းသည်ဖြုန်း လုပ်ချင်ကြပါတယ်၊ ငွေဆောင်မှာ အဲဒီအချက်ကို ဖြည့်ဆည်းပေးရင် လူပိုလာမှာ ဖြစ်ပါတယ်၊ အပန်းဖြေခရီးဟာ ဘုရားဖူးခရီးမဟုတ်လို့ Entertainment ကိုများများပေးသင့်ပါတယ်။)

## တိုးတက်လာတယ်

ခရစ်နှစ် (၂၀၀၄) ခုနှစ်မှာ ခရီးသည် (17.8 mil) ကို GMS နိုင်ငံတွေက လက်ခံခဲ့ပြီး (၂၀၀၃) ခုနှစ်ထက်စာရင် ကမ္ဘောဒီးယားက (50.53%)၊ Laos PDR က (37.40%)၊ မြန်မာက (10.03%)၊ ထိုင်းက (23%)နဲ့ ဗီယက်နမ်က (20.55%) တိုးတက်လာတာတွေ့ရမှာ ဖြစ်ပါတယ်။

## ပိုတိုးတက်အောင်

နိုင်ငံတိုင်း၊ ဒေသတိုင်းမှာ အားသာချက်တွေရှိသလို၊ အားနည်းချက်တွေလည်း ရှိပါတယ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းမှာ လုပ်ငန်းကြောင့်ခရီးသွားတာကအစ အပန်းဖြေခရီးသွားအထိ အမျိုးမျိုးရှိကြတဲ့အထဲမှာ Leisure ဆိုတဲ့ အပန်းဖြေခရီးထွက်သူတွေက ရာခိုင်နှုန်းအများဆုံးဖြစ်ပါတယ်။ အဲဒီအထဲမှာမှ ပင်လယ်ကမ်းခြေဘက် ခရီးနှင်သူတွေက ပိုများပါတယ်။ တိုးတက်ပြီး နိုင်ငံတွေက ကမ်းခြေတွေဟာ တဖြည်းဖြည်းယိုယွင်းလာပါပြီ။ အရှေ့ဘက်နိုင်ငံကမ်းခြေတွေက Pollution နည်းပါသေးတယ်၊ မြန်မာပြည်က ကမ်းခြေတွေက တချို့ Virgin အဖြစ်ကို ကျန်တုန်းပါပဲ။ အဲဒါ ကျွန်တော်တို့ရဲ့ အားသာချက်ပါ။ အပန်းဖြေလာသူတွေရဲ့စိတ်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ဖို့ပဲ လိုပါတယ်။

အားနည်းချက်က သဘာဝအရင်းအမြစ် ရှိနေပေမယ့် 'အသိမြင့်တဲ့သူ' ကို 'အသိရှိတဲ့သူ'က ဝန်ဆောင်မှုပေးရတာ ဖြစ်လို့၊ အဲဒီဝန်ဆောင်မှုပေးတဲ့လူတွေ ကျွမ်းကျင်မှုလိုအပ်ပါတယ်၊ အသိလိုအပ်ပါတယ်၊ အဲဒါ HR အပိုင်းပါ။ ဒါကြောင့် HR တိုးတက်ဖို့ HR ကိုအလေးအနက်ဆွေးနွေးခဲ့တဲ့ Rieder ရဲ့ဇနီး Ms. Narzalina က အလေးအနက်ထားနေတာပါ။ ခရစ်နှစ် (၂၀၁၀) ကနေ (၂၀၁၅) အထိလိုအပ်မယ့်

mgyoe.com

HR တိုးတက်ရေးအစီအစဉ်ကို ဇယားနဲ့တစ်ကွ အလေးအနက် ဆွေးနွေးပေးထားပါတယ်။

## (နောက်ဆက်တွဲ - ဂ)

မဟာဗျူဟာဆိုတာ တစ်နှစ်၊ နှစ်နှစ်စာမဟုတ်သလို တစ်နှစ်၊ နှစ်နှစ်နဲ့ ထလုပ်လို့လည်းမရနိုင်ပါဘူး၊ ရေရှည်စီမံကိန်းတွေချပြီး၊ အဆင့်တိုင်းကိုလည်း ပီပီပြင်ပြင် လိုက်လုပ်ရပါတယ်။ တိုးတက်သွားတဲ့နိုင်ငံတွေက မဟာဗျူဟာကောင်းလို့ ဖြစ်ပါတယ်။ ဇယားကိုကြည့်ရင် ခရစ်နှစ် (၂၀၁၅) မှာ Tourism Industry အတွက် (1.2 mil) လူသားအရင်းအမြစ်ကို လေ့ကျင့်ပေးပြီးသားဖြစ်မှာ ဖြစ်ပါတယ်။ အဲဒါက အခြေခံပဲဖြစ်ပြီး နိုင်ငံအလိုက်အမြင်ရှိရင်ပိုပြီး HR လိုအပ်မှာဖြစ်ပါတယ်။

### ဟိုတယ်သင်တန်းကျောင်း

ဒုတိယနေ့မှာ Paul Dubrule Hotel and Tourism School ကို လေ့လာရပါတယ်၊ တာဝန်ရှိသူက သင်တန်းကျောင်းပေါ်ပေါက်လာပုံ၊ သင်ကြားပုံ နည်းစနစ်နဲ့ ရေ့စီမံကိန်းအကြောင်း ရှင်းပြပါတယ်။ ထူးခြားတာက ငွေကြေးမပြည့်စုံလို့ သင်တန်းမတက်နိုင်သူ မဖြစ်စေရပါဘူး၊ တချို့ကို သင်တန်းပြီးလို့ အလုပ်ရမှ ဖြည်းဖြည်းချင်း ပြန်ပေးတဲ့စနစ်ကို အခွင့်အရေးတစ်ရပ် အဖြစ်ပေးထားပါတယ်၊ အိပ်ခန်းလေးတွေရဲ့တံခါးမှာ သင်တန်းသားနာမည်နဲ့အတူ မိခင်ဟိုတယ်ရဲ့ နာမည်တွေကို တွေ့ရပါတယ်။ ကမ္ဘာကျော် Hilton, Shangrila, Accor စတဲ့ နာမည်ကြီးတွေကတောင် စေလွှတ်ရပါတယ်။ အတုယူစရာကောင်းတဲ့အချက်ပါ။

### အန်ကောဝတ်

ဗိသုကာကျောင်းသားဘဝက History of Architecture မှာ Ankor Wat Temple အကြောင်းသင်ရပါတယ်၊ ကျောက်တုံးကြီးတွေကိုဆင့်ပြီး လက်ရာမြောက်စွာ ထုဆစ်ထားတဲ့ ကမ္ဘာ့အံ့ဖွယ် (၁၀) ပါးထဲက တစ်ခုပါ။ ကုလသမဂ္ဂရဲ့ ယဉ်ကျေးမှု အမွေထိန်းသိမ်းခံစာရင်းထဲပါတဲ့ ဘုရားကျောင်းလည်း ဖြစ်ပါတယ်။ ဝင်ကြေးတစ်ဦးကို ဒေါ်လာ (၂၀) ပေးရပါတယ်၊ တစ်ရက် တစ်ရက်ကို လာတဲ့ လူဦးရေက ရာပေါင်းများစွာဖြစ်လို့ အဲဒီကဝင်ငွေကို တွက်ကြည့်နိုင်ပါတယ်။ ဂျပန်နဲ့ ကိုရီးယားလူမျိုးတွေ အုပ်စုလိုက်၊ အုပ်စုလိုက်ကို အများကြီးတွေ့ရပါတယ်။ ဗိသုကာ ရှေးလက်ရာကို လေ့လာလိုသူအတွက် သွားသင့်တဲ့နေရာတစ်ခု ဖြစ်ပါတယ်။ မြင့်မိုရ်

mgyoe.com


တောင်၊ ပင်လယ်၊ ဘုံစဉ်ခုနစ်ထပ်ဆိုတဲ့ ဘာသာရေး Concept ကို အခြေခံပြီးတည်ဆောက်ထားပါတယ်။

**ဆီယံရိ(ပ်)**

မြို့မကြီးပါဘူး၊ လွန်ခဲ့တဲ့ရှစ်နှစ်ကျော်က ရောက်ခဲ့တုန်းကနဲ့ ဘာမှမဆိုင်တော့ပါဘူး၊ အမှတ်ခြောက်လမ်းမကြီးပေါ်မှာ သပ်ရပ်ပြီး အဆင့်အတန်းတကယ်မြင့်တဲ့ ဟိုတယ်အလုံး (၃၀) ကျော်လောက် ရှိပါတယ်၊ ဈေးနှုန်းတွေ ကြည့်လိုက်တဲ့အခါမှာ Standard Double ကို တစ်ည ဒေါ်လာ (၂၀၀) ကျော်ကနေပြီး၊ Bangalow Type ဖြစ်တဲ့ Presidential Suite ကို တစ်ည ဒေါ်လာ (၂၀၀၀) ကျော်အထိ သတ်မှတ်နိုင်တာ၊ သူ့စီးပွားရေးရဲ့ Indication ဖြစ်ပါတယ်။

လမ်းဘေးဈေးသည် ပေါက်စလေးတွေကအထိ ဒေါ်လာကိုင်ကြပါတယ်။ ယိုးဒယားရဲ့ဘတ်ငွေကိုလည်း ပေးချေနိုင်ပါတယ်။ စင်ကာပူဒေါ်လာကိုလည်း လက်ခံပါတယ်။ အဲဒီအချက်ကလည်း စီးပွားရေး တိုးတက်ရာတိုးတက်ကြောင်းထဲက အချက်တစ်ချက်လည်းဖြစ်ပါတယ်။

ဒီနေ့ခေတ်စားနေတဲ့ Massage ဆိုတဲ့ အညောင်းဖြေနေရာတွေကလည်း နေရာတိုင်းမှာ ဖြစ်ပါတယ်။ Member Club တောင်ရှိပါတယ်။ တော်ကြာပိတ်၊ တော်ကြာဖွင့်ဆိုတာ မရှိပါဘူး။ ဆိုင်းဘုတ်အကြီးကြီးနဲ့ကို တင်ထားပြီး လုပ်ကိုင်နေကြပါတယ်။ စားသောက်ဆိုင်တွေကလည်း တော်တော်စုံပါတယ်။ ဈေးလည်းသင့်ပါတယ်။

**အငွေ့အသက်**

ကြိုးနီစနစ် အတော်နည်းလာတာ သတိပြုမိပါတယ်။ ငွေကြေးစီးဆင်းမှု၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်မှု၊ လမ်းပန်းခရီးချောမွေ့မှုတွေမှာ အတော်တိုးတက်လာတာ သတိမပြုမိလို့မရတဲ့ အချက်ဖြစ်ပါတယ်။ Siem Reap ကို မြန်မာပြည်က ပုဂံနဲ့ ညီအစ်မလို့တင်စားကြပါတယ်၊ ပုဂံလိုအပူပိုင်းဒေသဖြစ်ပြီး ဝန်းကျင်အခင်းအကျင်းက အတော်တူပါတယ်၊ ထန်းပင်ရှည်ရှည်တွေနဲ့ လယ်ကွင်းတွေရဲ့မြင်ကွင်းက ပုဂံနဲ့တစ်ထပ်တည်းပါ။ NGO အဖွဲ့တော်တော်များများ ရှိနေကြပါတယ်၊ အကူငွေတော်တော်များများလည်း ရကြပါတယ်။ မကြာခင် ASEAN နိုင်ငံတွေ ကြားမှာ ကမ္ဘောဒီးယားဟာ ဗီယက်နမ်နဲ့အပြိုင် တိုးတက်လာမယ့်အငွေ့အသက်ကို ကောင်းစွာ ရရှိနေပါတယ်။

mgyoe.com

## မဟာမဲခေါင်

မဟာမဲခေါင်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်းမှာ ကမ္ဘောဒီးယားနိုင်ငံက တော်တော်အားတက်သရော ပါဝင်ပါတယ်။ စီမံကိန်း (၂၂) ခုအနက် စီမံကိန်း (၇) ခုမှာ ဦးဆောင်နိုင်ငံအဖြစ် ကတိကဝတ်ပြုခဲ့ပြီး၊ စီမံကိန်း (၃) ခုမှာ အခြားနိုင်ငံနဲ့အတူ ဦးဆောင်နိုင်ငံမှာ ပါဝင်နေပါတယ်။ Capacity Building လိုစီမံကိန်းမှာ ဦးဆောင်နိုင်ငံအဖြစ် လက်ခံတာဟာ HR ရဲ့ တန်ဖိုးကိုအလေးအနက်သိပြီး၊ HR ကိုမြှင့်ဖို့ဆိုတာ ယုံမှားသံသယ ဖြစ်စရာမလိုပါဘူး။

မဟာမဲခေါင်ရဲ့ GMS မဟာဗျူဟာဟာ ခရစ်နှစ် (၂၀၂၀) မှ အနောက်ဘက်က ခရီးသွားတွေကိုဆွဲဆောင်ပြီး၊ ဈေးကွက်ဝေစုခွဲယူမယ့်စီမံကိန်းကြီးဖြစ်ပြီး ယူတတ်ရင်၊ လုပ်တတ်ရင် တခြားဆက်စပ် စီးပွားရေးတွေကိုပါ အထောက်အကူပြု နိုင်ငံတိုးတက်စေမယ့် မဟာဗျူဟာတစ်ရပ် ဖြစ်ပါတယ်။ မဟာမဲခေါင်အောင်မြင်ဖို့ အလားအလာရှိပါတယ်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# SONY ကျဆုံးပြီလား

8th April 2005

SONY ဆိုရင်အရည်အသွေးကောင်းတဲ့၊ ဈေးကြီးတဲ့ထုတ်ကုန်တစ်ခုဆိုတာ တစ်ကမ္ဘာလုံးသိကြပါတယ်။ မလွှဲသာမရှောင်သာတော့ဘဲ SONY ရဲ့ Boss ရာထူး နိုင်ငံခြားသားတစ်ဦးထံ လွှဲပြောင်းပေးလိုက်ရတာ ဂျပန်တို့အဖို့ မျက်ရည်ဝဲစရာ ဖြစ်ရပါတယ်။ Walkman, Play Station တွေနဲ့ ကမ္ဘာ့အီလက်ထရောနစ် ဈေးကွက်ကို လွှမ်းမိုးခဲ့တဲ့ SONY ဟာ နှစ်အတော်ကြာ ဆက်တိုက်ကျဆင်းခြင်းဒဏ်ကို ခံခဲ့ရပါတယ်။ ဂျပန်ရဲ့ အထင်ကရ ကုမ္ပဏီကြီး (၁၀) ခုမှာ ကုမ္ပဏီ (၉) ခုက အမြတ်ငွေတွေရခဲ့ကြပေမယ့် SONY တစ်ခုတည်းက ရှုံးရတာဟာ ချန်ပီယံတစ်ယောက် နလံမထူတော့ဘူးလားလို့ မေးစရာအထိ ဖြစ်လာခဲ့ရပါတယ်။

အမေရိကန်လူမျိုး Howard Stringer ကို CEO အသစ် တကယ်ပဲ ခန့်အပ်လိုက်ရပါတယ်။ အဲဒီသတင်းထွက်လာတော့ SONY ရဲ့ ရှယ်ယာဈေးကွက်က မဆိုစလောက်တော့ တက်လာခဲ့ပါတယ်။ ဈေးကွက်လေ့လာသူတွေကတော့ CEO အသစ် Stringer နဲ့ Nissan Motor ရဲ့ CEO Carlos Ghosn ကို နှိုင်းယှဉ်ကြပါတယ်။ လွန်ခဲ့တဲ့ (၄) နှစ်လောက်ကလည်း Nissan Motor သန်းထောင်ချီရှုံးလို့ ပြင်သစ်က Renault ကားကုမ္ပဏီနဲ့ပူးပေါင်းပြီး Carlos Ghosn ကို CEO အဖြစ် လွှဲပေးလိုက်ရပါတယ်။ မနက် (၇) နာရီက ည (၁၁) နာရီအထိ အလုပ်လုပ်တဲ့ Ghosn က (၂) နှစ်အတွင်း Nissan တင်နေတဲ့ အကြွေးတွေကိုဆပ်ပြီး အမြတ်ထွက်အောင်လုပ်နိုင်ခဲ့တဲ့အတွက် စီးပွားရေးနယ်ပယ်မှာ 'စီးပွားရေးသူရဲကောင်း' အဖြစ် နေ့ချင်းညချင်းနာမည်ကြီးသွားပါတယ်။ တစ်ချိန်က Ford Motor နဲ့ Chrysler Motor တို့ရဲ့ အရှင်သခင် Lee Iaacocca ပြီးရင် နာမည်အကြီးဆုံး က Carlos Ghosn ပါ။

mgyoe.com

mgyoe.com

ကားလ်လို့(စ်)ဂျူးက တွန်းတွန်းတိုက်တိုက်လုပ်တတ်တဲ့ အင်ဂျင်နီယာပါ။ Stringer ကတော့ သတင်းသမားနဲ့ ပျော့ပြောင်းတဲ့ သံခင်းတမန်ခင်းဘက် အလေးပါတဲ့သူပါ။ SONY ရဲ့ CEO ဟောင်း Nobuyuki Idei က သူ့ကို Ken Kutaragi ထက်ကျော်ပြီး ရာထူးတိုးပေးခဲ့ရတဲ့သူလည်း ဖြစ်ပါတယ်။ Idei အနား ယူတော့ Stringer ကို နန်းတင်သွားတဲ့အခါ 'ဆိုနီဟာ ကုမ္ပဏီတိုးတက်ဖို့ ဘယ်လူမျိုးမှ ဆိုတဲ့အစွဲမရှိပါဘူး' လို့ ပြောခဲ့ပါတယ်။ လေ့လာသူတွေက 'ရင်းနှီးမြှုပ်နှံကြသူတွေဟာ တည်ငြိမ်မှု၊ ယုံကြည်မှု ဆိုနီအပေါ် မရှိသေးဘူး' လို့မြင်ကြောင်း အသံထွက်လာပါတယ်။

တစ်ချိန်တုန်းက Triniton TV ကနေ Walkman တွေအထိထုတ်လုပ်ပြီး၊ အရည်အသွေးမြင့် ထုတ်ကုန်ကိုသာ ထုတ်တယ်ဆိုတဲ့ SONY ကို အခု သူ့ထက်သာတဲ့အရည်အသွေးတွေနဲ့ Panasonic ကထုတ်ပြီး ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းပြနေတာဟာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေပါပြီ။ တိုးတိုးတိတ်တိတ်နဲ့ပဲ ဦးဆောင်ကုမ္ပဏီကနေ နောက်ဆုံးအထိ ဆိုနီရောက်သွားရပါတယ်။

ဂျပန်ပိုင် Toyota ကားကုမ္ပဏီက တဖြည်းဖြည်း ကြီးထွားလာပြီး၊ ဘယ်လိုမှ မကျော်နိုင်ဘူးလို့ ထင်ထားတဲ့ ကြီးသုံးကြီး (Big Three) မှာ Chrysler နဲ့ Ford ကိုကျော်ပြီး General Motor နောက် ကမ္ဘာ့ဒုတိယအကြီးဆုံး ကားကုမ္ပဏီ ဖြစ်လာတဲ့အချိန်မှာ SONY က နောက်ကီယာထိုးပြီး Sharp, Panasonic, Hitachi တို့နောက်ကို ရောက်နေပါတယ်။ CEO ဟောင်းဖြစ်တဲ့ Idei က တစ်နှစ် စောပြီး အနားယူလိုက်တာဟာ SONY ဘယ်လောက်အခြေအနေဆိုးနေတယ်ဆိုတာ ပြသလိုက်တာပဲလည်းဖြစ်ပါတယ်။ အမြတ်ငွေ (၁၀%) ကို ခရစ်နှစ် (၂၀၀၇) မှာ ရစေရမယ် ဆိုတဲ့စီမံကိန်းဟာ Idei လက်ထက်မှာ အလုမ်းဝေးခဲ့ရပါတယ်။ CEO အသစ်ဖြစ်လာမယ့် Stringer က Newsweek နဲ့အင်တာဗျူးမှာ 'ဆိုနီဟာ ဗျူရိုကရက်သိပ်ဆန်' နေတယ်လို့ ဝေဖန်ပြသွားပါတယ်။ မူလနေရာကိုပြန်ရဖို့ အင်ဂျင်နီယာတွေကို အလေးပေးရမယ်လို့လည်း ပြောသွားပါသေးတယ်။ ဒါပေမဲ့ ဆိုနီကို Game တွေနဲ့ အမြတ်အများဆုံးရှာပေးနေတဲ့ Kutaragi ဆိုတဲ့ အင်ဂျင်နီယာကို ပြန်ခန့်ရေး ထည့်မပြောသွားပါဘူး။

ဆိုနီဟာ အမြတ်ငွေတွေကျဆင်းနေရုံတင် မဟုတ်ပါဘူး၊ တစ်ချိန်က ကမ္ဘာကျော်အမှတ်တံဆိပ်ဖြစ်လို့ SONY ဆိုတဲ့ အမည်တန်ဖိုးဟာ (16.4) billion ရှိနေပေမယ့်၊ အခု အရည်အသွေးပါကျဆင်းနေတဲ့အတွက် အမည်တန်ဖိုး (12.8) billion ပဲ (၂၀၀၄) ခုနှစ်မှာ ရှိတော့ပါတယ်။ Panasonic နဲ့ Samsung ဆိုတဲ့

mgyoe.com

အမှတ်တံဆိပ်တွေက SONY ကို အများကြီးဖြတ်ကျော်သွားပါပြီ။ (၁၉၆၀, ၇၀, ၈၀) ဝန်းကျင်တွေက SONY ရဲ့ ရွှေနှစ်တွေပဲ ဖြစ်ပါတယ်။ SONY အတွင်းက ထွက်လာတဲ့စကားတွေကတော့ 'အုပ်ချုပ်သူတွေက အင်ဂျင်နီယာတွေရဲ့တီထွင်မှုကို ဦးစားမပေးကြပါဘူး၊ သူတို့ပဲအားလုံးကို ချုပ်ကိုင်ထားချင်ကြတယ်'။

တစ်ခါက Pansonic တို့၊ Toshiba တို့က SONY ကို ဘယ်လိုမှ မယှဉ်ပြိုင်နိုင်ပါဘူး၊ ပိုသေးပြီးပိုကောင်းတဲ့ထုတ်ကုန်တွေကို SONY က ထုတ်တတ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ SONY ကိုယှဉ်နိုင်အောင်လို့ Matsushita ကတော့ သူ့ရဲ့ တင်းကြပ်တဲ့ Top Down Management ကိုလျှော့ပေါ့ပြီး လေးနှစ်အတွင်း စက်ရုံ (၃၀) ကျော်နဲ့ လုပ်သား (၂၆၀၀၀) ကျော်ကို အလုပ်အနားပေးတာကစလို့ အစစအရာရာပြင်ဆင်ခဲ့ပါတယ်။ တခြားကုမ္ပဏီတွေ အဲသလိုအနာဂတ်ယှဉ်ပြိုင်ပွဲမှာ ကြိုတင်ပြင်ဆင်ကြတာနဲ့ဆန့်ကျင်ပြီး SONY ဘာမှမလုပ်ခဲ့ပါဘူး၊ ရလဒ်ကတော့ ဂျပန်လူသုံးကုန်ပစ္စည်းဈေးကွက်မှာ အမြတ်အနည်းဆုံးကုမ္ပဏီအဖြစ် ရောက်သွားရပါတယ်။ တစ်နှစ်မှာ (၁.၅%) ပဲမြတ်တဲ့ အမြတ်အနည်းဆုံးကုမ္ပဏီအဖြစ် ရင်းနှီးမြှုပ်နှံသူတွေ စိတ်ပျက်သွားကြရပါတယ်။ Diamond မဂ္ဂဇင်းရဲ့လေ့လာမှုအရ SONY ဟာ Matsushita ကုမ္ပဏီရဲ့ ယှဉ်ပြိုင်တိုက်ခိုက်မှုကို ခံနေရကြောင်း၊ ကုန်ပစ္စည်း (၁၀) ခုတိုင်းမှာ (၇) ခုအထိ SONY က လက်လွှတ်ပေးနေရကြောင်း ထုတ်ဖော်ခဲ့ပါတယ်။

ဒီနေ့ Flat TV, Plasma TV နဲ့ Music Player တွေမှာ Samsung နဲ့ Sharp တွေကို မယှဉ်နိုင်တော့ပါဘူး။ Apple က iPod (MP3) ကလည်း SONY ကို ဘေးထုတ်လိုက်ပါတယ်။ CEO အသစ် Stringer က ရင်းနှီးမြှုပ်နှံသူတွေရဲ့ အသံကို နားထောင်လိမ့်မယ်လို့ ယူဆရပါတယ်။ SONY ရဲ့ဘုတ်အဖွဲ့မှာ နိုင်ငံခြားသားပါဝင်မှု အချိုးက တခြားကုမ္ပဏီထက် ပိုများပါတယ်။ သူ့ရှယ်ယာရဲ့ (၄၀%) ကလည်း နိုင်ငံခြားပိုင်ဖြစ်ပါတယ်။ CEO အသစ်ဖြစ်တဲ့ Howard Stringer ရဲ့ လက်ထက်မှာ SONY ကို မူလနေရာပြန်ရအောင် လုပ်နိုင်မလား၊ မလုပ်နိုင်ဘူးလား ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### ဟိုးသပ်စထရင်ဂျာ

အမေရိကန်လူမျိုး မီဒီယာသမားဖြစ်တဲ့ Stringer ဟာ SONY ရဲ့ အမေရိကန် အခြေစိုက်ကုမ္ပဏီခွဲရဲ့ Boss ဖြစ်ပါတယ်။ တစ်ရက် ပါတီပွဲသွားမယ် လုပ်တုန်း ဂျပန်က Chairman & CEO ဖြစ်တဲ့ Nobuyuki Idei ဆီက ဖုန်းလာပါတယ်။

mgyee.com

mgyoe.com


သူထွက်တော့မယ်ဆိုတဲ့အကြောင်းနဲ့ Stringer ကို သူ့နေရာမှာ ခန့်အပ်မယ်ဆိုတဲ့ အကြောင်း ပြောတာပါ။ အဲဒီအချိန်မှာ Stringer ဟာ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ England မှာနေတဲ့ သူ့ဇနီး သားသမီး (၂) ဦးနဲ့တိုင်ပင်ပြီး အဲဒီရာထူးကို Stringer လက်ခံလိုက်ပါတယ်။

အသက် (၆၃) နှစ် Welsh နွယ်ဖွား Stringer ဟာ CBS News ရဲ့ အကြီးအကဲကောင်းဖြစ်ပါတယ်။ Stringer က SONY ကို အမေရိကန်ကပဲ စီမံခန့်ခွဲသွားမှာ ဖြစ်ပါတယ်။ အဓိက စိန်ခေါ်မှုကြီးက ရုပ်ရှင်ထုတ်လုပ်မှု၊ Music နဲ့ Game ပစ္စည်းထုတ်လုပ်တာတွေ ဖြစ်ပါတယ်။ Newsweek က သတင်းထောက် Steven Levy နဲ့ အင်တာဗျူးလုပ်ရာမှာ Stringer ရဲ့သဘောထားတွေကို ထုတ်ပြန်ခဲ့ပါတယ်။

**Newsweek** : *Mr. Idei က SONY ရဲ့အကြီးအကဲအဖြစ် ပထမဦးဆုံး နိုင်ငံခြားသားဖြစ်တဲ့ ခင်ဗျားကို ဘာလို့ရွေးချယ်ခဲ့တာလဲ။*

**Stringer** : ကျွန်တော်ထင်တယ်၊ ကျွန်တော် SONY ကိုယ်စား အမေရိကန်မှာလုပ်ခဲ့တဲ့လုပ်ရပ်တွေကို သဘောကျလို့နေမှာပေါ့။ ကျွန်တော်တို့ ကြမ်းတမ်းတဲ့ခရီးကိုဖြတ်ခဲ့ရပါတယ်။ လုပ်သား ကိုးထောင်ကျော် လျှော့ချခဲ့ရပါတယ်။ အခက်အခဲအတားအဆီးအတော်များများကိုလည်း ကျော်လွှားခဲ့ရပါတယ်။

**Newsweek** : *ဂျပန်မဟုတ်သူတစ်ဦးအနေနဲ့ ဘယ်လိုဆောင်ရွက်မှာပါလဲ။*

**Stringer** : မှန်တဲ့အရာကိုလုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော် SONY ရဲ့ အစည်းအဝေးတစ်ခုမှာ ပြောခဲ့ပါတယ်။ SONY ရဲ့ အဓိက အခက်အခဲက အုပ်ချုပ်မှုပါပဲ။ ထုတ်ကုန်ပစ္စည်းမှာ အခက်အခဲ မရှိပါဘူး၊ အင်ဂျင်နီယာတွေ အလွန်တော်ကြပါတယ်။ Hollywood က မင်းသား၊ မင်းသမီးတွေအတိုင်း အင်ဂျင်နီယာတွေက နာမည်ကြီးလူတော်တွေပါ။ အဓိကအချက်က သူတို့ကို လမ်းမှန်ညွှန်ပြဖို့ပါပဲ။ ပြီးရင် သူတို့ကိုရောက်အောင် ခေါ်ဖို့ပါ။ ကြမ်းတမ်းတဲ့ခရီးကိုတော့ လျှောက်ရမှာပေါ့လေ။

**Newsweek** : *လုပ်သားလျှော့ချမယ်လို့ဆိုလိုတာလား။*

**Stringer** : အဖွဲ့အစည်းကြီးတစ်ခုလုံးကို ကျွန်တော်မချောက်ချားစေလိုပါဘူး၊ ကျွန်တော် ဘာလုပ်ရမယ်ဆိုတာကို မသိသေးခင်အထိပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့ရဲ့အင်အား၊ ဝန်

mgyoe.com

mgyoe.com


ထမ်းအင်အား စတာတွေကို သေသေချာချာကြည့်ရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီကိုလည်း အင်ဂျင်နီယာများအတွက် တာဝန်ယူအောင် လုပ်ရပါ့မယ်။ အင်ဂျင်နီယာတွေ အရည်အသွေး တောက်ပြောင်သထက် တောက်ပြောင်အောင် လုပ်ရပါ့မယ်။

**Newsweek** : *လွန်ခဲ့တဲ့အပတ် လှုပ်ခါမှုရဲ့ တစ်စိတ်တစ်ပိုင်းဟာ Play Station ရဲ့ဖန်ဆင်းသူ Ken Kutaragi ကို ရာထူးက လျှော့လိုက်တာဖြစ်လို့ သူ့ရဲ့အနာဂတ်ကို ဘယ်လိုထင်မလဲ။*

**Stringer** : ဒါနဲ့ပတ်သက်လို့ ပွင့်လင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အံမှုဆောင်အရာရှိတစ်ဦးအနေနဲ့ ထိခိုက်ဖို့ မရှိပါဘူး။ ကုမ္ပဏီတိုင်းက သူ့လိုလူမျိုး သဘောကျရှာဖွေကြရမှာပါ။

**Newsweek** : *iPod ရဲ့အောင်မြင်မှုက SONY အတွက် ပြင်းထန်တဲ့ ထိုးနှက်ချက်ပဲ။ အဲဒါကိုကာကွယ်ဖို့ဆုံးဖြတ်ချက်ရှိပြီးဖြစ်ပါသလား။*

**Stringer** : Copyright နဲ့ Hardware တွေရဲ့လိုအပ်ချက်ကို ကြည့်ရပါဦးမယ်။ နောက်တစ်ကြိမ် အထိုးနှက်မခံရအောင်တော့ လုပ်ရပါမယ်။ SONY ရဲ့ မိုက်မဲမှုနဲ့တီထွင်မှု အားနည်းချက်ကြောင့်ပါ။

**Newsweek** : *ဆိုနီရဲ့အားနည်းချက်တွေကို စိုးရိမ်ပူပန်ပါသလား။ သူများတွေကျော်ဖြတ်သွားစရာလို့ရော ထင်ပါသလား။*

**Stringer** : အားလုံးဟာ တည်ငြိမ်မှုမရှိဘူးလို့ ကျွန်တော်မထင်ပါဘူး။ အားလုံးဟာ မျှဝေပြီး တာဝန်ရှိကြတယ်လို့ ကျွန်တော်တို့ အလေးအနက် နားလည်ပြီးသား ဖြစ်ပါတယ်။ SONY ဟာ ဆွဲဆောင်မှုရှိပြီး တီထွင်နိုင်တဲ့ ကုမ္ပဏီအဖြစ်ပြန်ရောက်စေပါ့မယ်။ အဲဒီအတွက် ထူးခြားပြီး ကြီးမားတဲ့အခက်အခဲ မရှိပါဘူး။

**Newsweek** : *ဒီရာထူးကို ဘာလို့လက်ခံတာလဲ!*

**Stringer** : တစ်သက်မှာ နှစ်ခါမရတဲ့အခွင့်အရေးပါ။ ကျွန်တော့်မှာ ကလေးငယ်ရှိတယ်။ ကျွန်တော့်မိသားစုအတွက် ကြမ်းတမ်းမယ်။ အဲဒီတန်ပြန်အကျိုးက မိသားစုကို သက်ရောက်မယ်။ သီတင်းတစ်ပတ် ကုန်ဆုံးတိုင်း မိသားစုရှိတဲ့ England ကို ကျွန်တော်ပြန်မယ်။ သောကြာမှာ England ပြန်ပြီး Sunday မှာ Tokyo

mgyoe.com

mgyoe.com

ကိုသွားမယ်။

ဘုရားသခင်ကိုတော့ ကျေးဇူးတင်ရဦးမယ်။ SONY က လူတွေ အင်္ဂလိပ်စကားပြောတတ်ကြတယ်။ CEO ကလည်း ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်တယ်။ ကျွန်တော်တို့ ကောင်းကောင်းဆွေးနွေးနိုင်ကြမှာပါ။ လူမှန်နေရာမှန်ထားနိုင်ဖို့ လိုတယ်။ ပြီးတော့ လူမှန်တွေရဲ့အထောက်အပံ့ကိုလည်း လိုတယ်။ လိုအပ်ရင် အပြောင်းအလဲတွေလည်း လုပ်ဖို့လိုပါမယ်။

အမေးအဖြေကိုကြည့်ရင် CBS ကလာတဲ့သူပီပီ သံတမန်ကျကျစကားလုံးတွေသုံးသွားပါတယ်။ Nissan ဥက္ကဋ္ဌ Carlos Ghosn ထက်ပျော့ပြောင်းပါတယ်။ အထင်ကရ ဂျပန်တွေကြီးစိုးပြီး ကမ္ဘာကျော်ခဲ့တဲ့ Nissan ကတော့ နှံ့နှစ်ရာက နေပြီး Brazilian ဖြစ်တဲ့ Ghosn ရဲ့ကယ်တင်မှုနဲ့ နာလန်ထူလာခဲ့ပြီးဖြစ်ပါတယ်။ CEO ဟောင်း Idei ရဲ့ဆုံးဖြတ်ချက်ဖြစ်တဲ့ Playstation ရဲ့ဖန်တီးရှင် Ken Kutaragi ကိုကျော်ပြီး Howard Stringer ကို သူ့အရိုက်အရာခံခဲ့စေတာ မှန်၊ မမှန်ကိုတော့ နောက်နှစ်–နှစ်လောက်စောင့်ကြည့်ရင် သိနိုင်ပါလိမ့်မယ်။ လောလော ဆယ်မှာတော့ ဂျပန်တွေမျက်ရည်ဝေ့ပြီး အမေရိကန်လူမျိုးလက်ထဲ SONY ရဲ့ကံကြမ္မာကို ဝကွက်အပ်လိုက်ရတော့ ကမ္ဘာအနှံ့ပြောစရာတစ်ခု ဖြစ်လာခဲ့ပါတယ်။

mgyoe.com

mgyoe.com



# ရှက်စိတ်

19th April 2005

အသိမြင့်လာတဲ့တိရစ္ဆာန်တွေမှာတောင် တချို့ရှက်စိတ်ရှိတတ်ကြပါတယ်။ အပေါ့အပါးသွားရင် လူမမြင်အောင် သွားတတ်ကြတဲ့ ကြောင်ကလေး၊ ခွေးကလေးများဟာ ရှက်စိတ်ကြောင့်ဖြစ်ပါတယ်။ အသိပိုမြင့်တဲ့လူတွေမှာ ရှက်စိတ်ဟာ ရှိသင့်တဲ့အရာပါ။ ဒီလိုဆိုရင် ရှက်စိတ်မရှိသူတွေကို အသိနည်းတဲ့သူတွေလို့ သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။

လူတွေမှာတောင် အသိဉာဏ်ပေါ်လိုက်ပြီး ရှက်စိတ်အတိုင်းအဆ ကွာကြပါသေးတယ်။ အရက်မူးပြီး လမ်းဘေးတွေ့ကရာ အပေါ့သွားတဲ့လူတန်းစားနဲ့ ရေအိမ်ရောက်တဲ့အထိ 'ဆီးအောင့်'ပြီးသွားတဲ့ လူတန်းစား နှိုင်းယှဉ်နိုင်ပါတယ်။ အပေါ့ကလေးသွားတာတောင်မှ ရှက်စိတ်က လူ့အသိအခြေခံကို ခွဲခြားထားပေးရင် တခြားဒီထက်ပိုပြီး ရှက်စရာကောင်းတဲ့ အခြေအနေတွေမှာ ပိုပြီးသိသာ ထင်ရှားပါတယ်။ အဆင့်အတန်းမြင့်လာရင်၊ ရာထူးကြီးလာရင်၊ ဂုဏ်ဒြပ်တွေပိုလာရင် ရှက်စိတ်ပိုလာသင့်တာ သဘာဝတစ်ခုပါ။ ကိုယ့်အဆင့်အတန်းနဲ့ဆန့်ကျင်ပြီး ရှက်စိတ်နည်းရင်တော့ 'ကံ' အကျိုးပေးကြောင့် ဖြစ်ထွန်းလာတာကလွဲပြီး 'အဆင့်မရှိ' သူဖြစ်သွားမှာပါ။

'ရှက်စိတ်' ဟာ 'ကြောက်စိတ်' မဟုတ်ပါဘူး၊ စိတ်ပိုင်းဆိုင်ရာအဆင့်အတန်းနဲ့ အသိဆိုင်ရာအဆင့်အတန်းကို ဖော်ပြတဲ့လက္ခဏာတစ်ရပ်သာ ဖြစ်ပါတယ်။ အရာရာမှာ သာမန်ထက်ပိုတဲ့ရှက်စိတ်တော့လည်း မထားသင့်ဘူးပေါ့။ လက်ရှိလူ့မှုဝန်းကျင် လက်ခံနိုင်တဲ့ ရှက်စိတ်မျိုးလောက်တော့လည်း အခြေခံအားဖြင့် ရှိသင့်ပြန်ပါတယ်။

## မတော်ရာရှက်စိတ်

တချို့မတော်ရာထားတဲ့ စိတ်ပိုင်ရှင်တွေ အများကြီးတွေ့ဖူးပါတယ်။ လူ့ရှေ့မှာ

mgyoe.com

mgyoe.com

မခုတ်တတ်တဲ့ကြောင်လို ရှက်စိတ်ထားပြတတ်ကြပြီး၊ လူ့တာဝန်မကျေသူတွေ အများကြီး ရှိနေပါတယ်။ မိခင်ကောင်းတစ်ယောက်၊ ဖခင်ကောင်းတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် အရည်အချင်းမရှိတာက တကယ်ရှက်ရမယ့်အရာဖြစ်ပြီး၊ အဲဒါကို မရှက်တတ်ကြတဲ့သူတွေ အများကြီးဖြစ်ပါတယ်။ ဘာမှမလုပ်ဘဲ အိမ်မှာထိုင်လို့ သားသမီးတွေငတ်ကြတာကိုမရှက်ဘဲ၊ အခြေခံအလုပ်လုပ်ရမှာကို ရှက်တတ်ကြတဲ့သူတွေဟာ မတော်ရာရှက်စိတ်ထားကြတဲ့သူတွေပါ။

'ကံ'ပေးလို့ပဲဖြစ်ဖြစ်၊ အခြေအနေသာလို့ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းရဲ့ ခေါင်းဆောင်ဖြစ်လာကြသူတွေမှာလည်း၊ ခေါင်းဆောင်တစ်ဦးရဲ့ အရည်အချင်း မပြည့်ဝရင်၊ အကြံဉာဏ်ကောင်းကိုယူရမှာ စိုးရွံ့နေရင် တကယ်ရှက်ရမယ့် ရှက်စိတ် ဖြစ်ပါတယ်။ လုပ်ငန်းရှင်တစ်ဦးကိုတွေ့ဖူးပါတယ်၊ သူ့မန်နေဂျာတစ်ဦးရဲ့ ထက်မြက်တဲ့အစွမ်းအစကိုလည်း သတိပြုမိပါတယ်။ အစည်းအဝေးတစ်ခုမှာ အဲဒီလုပ်ငန်းရှင် အဆုံးအဖြတ်က မှားနေတယ်ဆိုတာလည်း သိသာပါတယ်။ မန်နေဂျာကပေးတဲ့ အကြံဉာဏ်က ပိုပြီးသင့်လျော်နေတယ်ဆိုတာလည်း အားလုံးသိပါတယ်၊ ဒါပေမယ့် အဲဒီလုပ်ငန်းရှင်က သူ့မန်နေဂျာပေးတဲ့အကြံကို မယူခဲ့ပါဘူး၊ ယူမိရင် ရှက်ရမှာမို့ ထင်ပါတယ်။ ရှက်စရာမလိုတဲ့နေရာမှာ ရှက်တာလို့ပဲ သုံးသပ်ရပါတယ်။ အဆုံးအဖြတ်မှားတာများလာတော့ အဲဒီလုပ်ငန်းရှင်ရဲ့လုပ်ငန်းတွေ တဖြည်းဖြည်း ကျဆင်းလာပါတယ်၊ အဲဒီမန်နေဂျာလည်း အလုပ်ကထွက်သွားရှာပါတယ်။ မယောင်ရာ ဆီလူးတဲ့ရှက်စိတ်ပါ။ အသိ၊ ပညာအလွန်နည်းတဲ့ရှက်စိတ်ပါ။

**ခါမိခါဇေ**

တစ်ချိန်က ဂျပန်တွေ ကိုယ့်ကိုယ်ကိုသတ်သေကြတဲ့ ခါမိခါဇေဆိုတာကို သတိမူမိကြမှာပါ။ လုပ်ငန်းတစ်ခုကို မအောင်မြင်တဲ့အခါမှာ ခါမိခါဇေလုပ်ကြတာ များပါတယ်။ ရှက်စိတ်ကြောင့်ပါ။ (၁၉၉၇) အာရှစီးပွားရေးကပ်ဆိုက်တော့ 'ကြွေးပိုင်း' သူတွေ၊ ပတ်ဝန်းကျင်ကို မျက်နှာမပြနိုင်သူတွေ တော်တော်များများ သတ်သေကြပါတယ်။ ရှက်စိတ်ကြောင့်ပဲဖြစ်ပါတယ်။ အမှုးသမား ပုဆိုးကွင်းသိုင်းရာမှာ ရှက်စိတ်မဖြစ်တာ မဆန်းပေမယ့်၊ မိခင်ဖခင်တွေဖြစ်ပြီး တာဝန်မကျေသူတွေ ရှက်စိတ်မဖြစ်ကြတာ အံ့သြစရာဖြစ်ပါတယ်။ အဲသလိုပါပဲ။ သားသမီးတွေဖြစ်ရက်သားနဲ့ မိဘအပေါ်သားကောင်းသမီးကောင်းမဖြစ်တာလည်း ရှက်တတ်ရင် ရှက်စရာပါ။ ဒီထက်ပိုတွေးကြည့်ရင်၊ နိုင်ငံတစ်နိုင်ငံအတွက် ဘာမှလုပ်မပေးနိုင်သူတွေ

mgyoe.com

mgyoe.com


ဖျက်ဆီးသူတွေဟာလည်း နိုင်ငံသားမပီသလို့ ရှက်စိတ်ဖြစ်သင့်ပါတယ်။

## ရှက်တတ်မှလူဖြစ်တယ်

ငယ်ငယ်က ဆရာတော်ကြီးတွေဟောခဲ့တဲ့ စကားတစ်ခွန်းကို အမှတ်ရမိတယ်။ 'သေတတ်ပါစေ'တဲ့။ အသိမကြွယ်ခင်က 'သေတာပဲ' ဆန်းတာမှတ်လို့၊ ဘယ်လိုသေရဦးမယ်လို့ တွေးမိပါတယ်။ အရွယ်နည်းနည်းရလာတော့ သေတတ်ဖို့ အရေးကြီးတယ်ဆိုတာ သိလာရပါတယ်။ ထပ်ပြီး အရွယ်ရလာပြန်တော့ မသေခင် ရှက်တတ်ဖို့လည်း လိုဦးမယ်လို့ ဖြန့်ကျက်တွေးမိလာပြန်ပါတယ်။ သက်ရှိဘဝမှာ တိရစ္ဆာန်အဖြစ် အရှက်မရှိတာမထောင်းသာပေမယ့်၊ လူဖြစ်ရက်နဲ့ အရှက်မရှိသူတွေ အများကြီးတွေ့နေရပါတယ်။ မရှက်တတ်ရင် ဘဝမတိုးတက်ပါဘူး၊ အသိနည်းသူနဲ့ စိတ်ဓာတ်အောက်တန်းကျသူတွေမှာ အရှက်နည်းကြပါတယ်၊ အရှက်နည်းသူတွေဟာ အောက်တန်းကျတဲ့သူဖြစ်တယ်ဆိုတာတော့ သိထားဖို့ကောင်းပါတယ်။

## အခြေခံရှက်စိတ်

လူမှုဝန်းကျင်က ရှက်စိတ်အခြေခံကို သတ်မှတ်မထားပေမယ့် ကျင်လည်ရာဝန်းကျင်ကလက်ခံနိုင်မယ့် အခြေခံရှက်စိတ်တော့ရှိသင့်ကြဖို့ဖြစ်ပါတယ်။ အာဖရိကနိုင်ငံတွေမှာ ကိုယ်အပေါ်ဗလာဟာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်လို့ အဲဒီအတွက် ရှက်စိတ်မဖြစ်တတ်ကြပေမယ့် အရှေ့ဘက်နိုင်ငံတွေမှာ လုံလုံလဲလဲတော့ ရှိဖို့လိုမှာပါ။ အနောက်နိုင်ငံရဲ့ လူမှုရေးနယ်ပယ်တချို့မှာ အိမ်ထောင်ရှင်ချင်းသော့လဲပြီး အပျော်ဖလှယ်ကြတာမဆန်းပေမယ့် ဗုဒ္ဓဘာသာကြီးစိုးတဲ့နိုင်ငံတွေမှာ ကာမပိုင်ဆိုတာထားကိုထားရမယ့်ရှက်စိတ်တစ်ခု ဖြစ်ပါတယ်။

အနောက်နိုင်ငံမှာ အရွယ်ရောက်တာနဲ့ မိဘချမ်းသာမှုကိုမမှီခိုဘဲ ကိုယ့်ခြေပေါ်ကိုယ် ကြိုးစားရပ်ကြတာဟာ အလွန်ကောင်းတဲ့အလေ့အထ ဖြစ်ပါတယ်။ ကိုယ်ရည်ကိုယ်သွေးတစ်ဦးချင်းမြင့်မားလာတာနဲ့ တိုင်းပြည်ပါတိုးတက်လာပါတယ်။ အရှေ့ဘက်နိုင်ငံတွေမှာတော့ သားသမီးအရွယ်လွန်တဲ့အထိ ကျွေးမွေးထားကြတာ၊ အလုပ်မလုပ်ကြတာဟာ ထားသင့်တဲ့ရှက်စိတ်ဖြစ်ပါတယ်။ အလုပ်ဆိုတာ ဆင်းရဲရဲ၊ ချမ်းသာသာ လုပ်ကိုလုပ်သင့်ပါတယ်။ မှီခိုလွန်တာဟာ အခြေခံရှက်စိတ်လို့သတ်မှတ်လို့ရပြီး၊ အလုပ်မလုပ်တာဟာလည်း အခြေခံရှက်စိတ်ဖြစ်သင့်ပါတယ်။

မိတ်ဆွေတစ်ဦးကိုတွေ့ဖူးပါတယ်၊ ဂေါက်ကစားရာမှာ သောင်းနဲ့သိန်းနဲ့ချိပြီး

mgyoe.com

mgyoe.com


အကုန်ခံသလောက်၊ အိမ်ရှင်မက စျေးနှုန်းကာမိအောင် တစ်လင်္ဂါးထောင်လောက် ပိုတောင်းတာကိုမပေးခဲ့တာသတိရမိနေပါတယ်။ မြန်မာပြည်မှာယောက်ျားတွေ အရည်အချင်း ရှိရှိ/မရှိရှိ အိမ်ထောင်ဦးစီးဆိုတဲ့ သမိုင်းပေးတလွဲရာထူးနဲ့ အိမ်ထောင်ဖက်ကို အနိုင်ကျင့်ကြတာလည်း ထားတတ်ရင် ရှက်စိတ်ထဲက တစ်ခုပါပဲ။

## တလွဲရှက်စိတ်

ထားသင့်တဲ့ရှက်စိတ်ကိုမထားဘဲ၊ မထားသင့်တဲ့ရှက်စိတ်ထားကြသူတွေ အများကြီးပါ။ ဘုရားရှင်လက်ထက်ကရာထူးမပေး၊ ဦးစားမပေးလို့ ရှက်ပြီးရန်ညှိုးဖွဲ့ခဲ့တဲ့ ဒေဝဒတ်ဟာ တလွဲရှက်စိတ်ထားတဲ့သူပါ။ ကိုယ့်အရည်အချင်းအမှန်ကိုတောင် မသုံးသပ်နိုင်တဲ့သူဖြစ်လို့ ရှက်စိတ်တလွဲဖြစ်တာလည်း မဆန်းပါဘူး၊ အဲဒီတလွဲရှက်စိတ်ကြောင့်ပဲ ဘုရားရှင်ကို အမျိုးမျိုးလုပ်ကြံပြီး၊ နောက်ဆုံးမြေမျိုခံသွားရပါတယ်။

မြန်မာ့ရာဇဝင်မှာ စစ်ထွက်ခါနီး သတ္တိကိုစမ်းတော့ လက်ထိပ်အပ်စိုက်ပြီး လူရွေးတာကို အမှတ်ရမှာပါ။ နည်းနည်းတွန့်သွားလို့ စစ်ပွဲအတွက် လူမရွေးတော့ ရှက်ပြီး၊ ကိုယ့်ဗိုက်ကိုယ်ဖောက်၊ အထဲကအူအစုံဆွဲထုတ်ပြခဲ့တဲ့ဖြစ်ရပ်ကို မြန်မာ့ရာဇဝင်မှာ ငယ်ငယ်ကသင်ခဲ့ရဖူးပါတယ်၊ ရှက်စိတ်ကြောင့်ဖြစ်ခဲ့တာပါ။ တလွဲထားတဲ့ရှက်စိတ်ပါ။ 'သတ္တိမဟုတ်ဘူး၊ မိုက်ရူးရဲတာ' လို့ မှတ်ချက်ပြုခံရတာ သေသွားရက်နဲ့တောင် ထပ်ရှက်လိုက်ရပါသေးတယ်။

ရောင့်ရဲတယ်ဆိုပြီး အပျင်းထူတာကို ဘာသာရေးနဲ့ ရောထွေးပစ်ချင်ကြတဲ့သူတွေ တကယ်တော့ အတော်ရှက်ဖို့ကောင်းပါတယ်။ ဘယ်နေရာမှာရောင့်ရဲတာလည်းလို့ မေးချင်ပါတယ်။ အလုပ်လုပ်တဲ့နေရာမှာသာ ရောင့်ရဲကြပြီး ကျန်တဲ့နေရာအားလုံးမှာ မရောင့်ရဲနိုင်တာကို တွေ့တတ်ကြပါလိမ့်မယ်၊ ချောချောလှလှ အမျိုးသမီးမြင်ရင် ရောင့်ရဲစွာနဲ့မကြည့်ဘဲ မျက်လွှာချသင့်ကြပါတယ်၊ အစားအသောက်ကောင်းကောင်းမစားဘဲ ရောင့်ရဲသင့်ကြပါတယ်၊ ငွေများများမသုံးဘဲ အပျော်အပါးမှာရောင့်ရဲသင့်ကြပါတယ်။

## လူနဲ့ရှက်စိတ်

လူတွေမတော်ရင်သာရှိကြမယ်၊ ရှက်စိတ်က ဖွားဖက်တော်လို ရှိသင့်ကြပါတယ်၊ ဟိရိဩတ္တပ္ပဆိုတာ မကောင်းတာ၊ မသင့်တာကိုလုပ်ရင် ရှက်တတ်၊ ကြောက်တတ်ရမယ်လို့ ဘုရားကဟောထားပါတယ်၊ ဘုရားဟောတွေတော်တော်များများက လူတစ်ဦးချင်းစီရဲ့ အရည်အသွေး တိုးတက်ရာတိုးတက်ကြောင်းတွေပါ။ လူဆိုတာ

mgyoe.com

mgyoe.com

အသိမြင့်သတ္တဝါတစ်မျိုးပါ။ အသိမြင့်ဖြစ်ရက်နဲ့ ရှက်စိတ်မရှိရင် ဘဝဆုတောင်း ကောင်းခဲ့လို့ လူမည်ကာမတ္တဖြစ်တဲ့လူလို့သာ ပြောနိုင်မယ်ထင်ပါတယ်။

ဘဝတစ်ခုကို ကာလရှည်ဖြတ်သန်းလာရတဲ့တစ်လျှောက်မှာ သေးသေး၊ ကြီးကြီး မရှက်တတ်သူ တော်တော်များများကို တွေ့ခဲ့ရဖူးပါတယ်၊ ရှက်စိတ်မရှိရင် အနာဂတ်ပျောက်ပါတယ်။ ဒါမှမဟုတ် အနာဂတ်ပျက်ပါတယ်၊ ငွေကြေးဝန်ဆောင်မှုတွေပျက်စီးတဲ့အခါ လုပ်နည်းမမှန်လို့ဖြစ်တာ စီးပွားရေး တကယ်နားလည်သူတွေ သိကြပါတယ်၊ ကမ္ဘာသတင်းတစ်ခုမှာလည်း SONY ဆိုးဆိုးဝါးဝါးကျဆင်းတော့ တာဝန်ရှိတဲ့ဥက္ကဋ္ဌဖြစ်သူ Nobuyuku Idei က အမေရိကန်နိုင်ငံသား Howard Stringer ကို ရာထူးလွှဲပေးလိုက်ပါတယ်၊ အဲဒါအနာဂတ်မပျက်ချင်လို့ ဖြစ်ပါတယ်။ World Com တို့ Mather Steward တို့ကတော့ နောက်ဆုံးမိနစ်အထိမဟုတ်တာလုပ်သွားလို့ CEO တွေ အနာဂတ်ပျက်ကြပါတယ်၊ ရှက်စိတ်နည်းလို့ လို့ မှတ်ချက်ပြုရမှာဖြစ်ပါတယ်။

ဆိုက်ကားသမားတစ်ယောက်ရဲ့အနာဂတ်ကို ဘယ်သူမှ စိတ်မဝင်စားကြပေမယ့်၊ အဖွဲ့အစည်းအကြီးကြီးရဲ့ အကြီးအကဲနဲ့ နိုင်ငံခေါင်းဆောင်တွေရဲ့ အနာဂတ်နဲ့ ရာဇဝင်ကိုတော့ လူတွေ စိတ်ဝင်စားတတ်ကြပါတယ်။ ယူဂန္ဒာသမ္မတဖြစ်လာတဲ့ အေဒီအာမင်လို သေပြီးတဲ့နောက်ပိုင်းမှာတောင်မှ အနာဂတ် ပျက်စီးသွားတဲ့သူတွေရှိသလို ဂျော့ဝါရှင်တန်လို ရာဇဝင်ကောင်းတဲ့သမ္မတတွေလည်းရှိပါတယ်၊ ကိုယ့်ရာဇဝင်ကိုယ်ရေးကြတဲ့အခါ ရှက်စိတ်နည်းနည်းထည့်ရင် ရာဇဝင်နည်းနည်းကောင်းနိုင်ကြပါတယ်၊ ရှက်စိတ်ကပဲ လူကိုကောင်းလည်း ကောင်းစေပါတယ်၊ တော်လည်း တော်စေပါတယ်၊ လမ်းမှန်ကိုလည်းဖြစ်စေပါတယ်၊ လမ်းမှားကိုလည်း ရောက်စေပါတယ်။

ဒါကြောင့် သေတတ်ဖို့လိုကြသလို အသက်ရှင်ဆဲကာလမှလည်း ရှက်စိတ်ရှိတတ်ကြဖို့လိုမယ် ထင်ပါတယ်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# တရားဖြင့်ရှင်သန်ခြင်း

9th June 2005

လောကအသုံးအနှုန်းအရ 'တရားတယ်' လို့ဆိုရာမှာ 'မျှတ' တယ်လို့ နားလည်ရပါတယ်။ 'မတရား' ဘူးလို့ဆိုရင် 'မျှတ' မှုမရှိဘူးလို့ အလိုလိုသဘော ပေါက်ပြီးသား ဖြစ်ပါတယ်။ 'မျှတ' တယ်ဆိုတာမှာလည်း အစွန်း (၃) ပါးကို ရှောင်ရှားတဲ့ မဇ္ဈိမပဋိပဒါ လမ်းစဉ်ဆိုတဲ့ အလယ်အလတ်ဝါဒလည်း ဖြစ်ပါတယ်။ အစွန်းမနင်းတဲ့လမ်းဖြစ်ပြီး ကိုယ်ရောသူများပါ လက်ခံနိုင်တဲ့လုပ်ရပ်မျိုး ဖြစ်ပါတယ်။

'အစွန်း'ဆိုတာ တစ်ဖက်ဖက်ကိုနင်းမိရင် လူ့ဝန်းကျင်၊ လူ့လောက–က လက်မခံတဲ့လုပ်ရပ်ဖြစ်ပါတယ်။ ဒီနေ့ ကမ္ဘာမှာခေတ်စားနေတဲ့ 'အကြမ်းဖက်'မှုဆိုတာ အစွန်းရောက်ဝါဒီတွေရဲ့လုပ်ရပ်နဲ့လမ်းစဉ်ဖြစ်ပြီး အများစုကလက်မခံ၊ ဆန့်ကျင်နေတဲ့ လုပ်ရပ်ဖြစ်ပါတယ်။

ဘဝတစ်ခုကို ဖြတ်သန်းရာမှာ ကာလတစ်ခုကိုကျော်ဖြတ်ပြီးရင် အဲဒီ 'တရားမှု' 'မတရားမှု' တွေကို အနည်းနဲ့အများ လူတိုင်းတွေ့ကြုံရမှာဖြစ်ပါတယ်။ မိသားစုထဲမှာ တွေ့ကြုံရသလို၊ အနီးစပ်ဆုံးအသိုင်းအဝန်းထဲမှာလည်း တွေ့နိုင်ပါတယ်၊ လူမှုအဖွဲ့ အစည်းမှာလည်းတွေ့နိုင်ပါတယ်၊ ငယ်စဉ်က သူငယ်ချင်းတစ်ယောက်ရဲ့အဖေဟာ 'ဘယာကြော်' ရောင်းပြီး ရှင်သန်ခဲ့သူပါ။ ဘဝကို ကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ရသူ တစ်ဦးလည်း ဖြစ်ပါတယ်။ နှစ်သုံးဆယ်ကျော် လေးဆယ်လောက် ဖြတ်သန်းခဲ့ပြီး မထင်မှတ်ဘဲ သူငယ်ချင်းကို ရွှေဘုံသာလမ်းမှာတွေ့လိုက်ရပါတယ်၊ သူငယ်ချင်း ကိုယ်တိုင် 'ဘယာကြော်' ဆက်ရောင်းနေပြီး၊ သူ့သား အရွယ်ရောက်ကလည်း ဆီအိုးလေး ထမ်းလျက်သားနဲ့တွေ့ရတော့ စိတ်မကောင်းဖြစ်မိပါတယ်၊ မျိုးဆက် (၃) ဆက်လုံးလုံး ဘယာကြော်သည်ဘဝကမလွတ်ပါလားလို့ ယူကျုံးမရဖြစ်မိ တာပါ။ လောကကြီး 'မတရား'ပါလားလို့ ရုတ်တရက်လည်း တွေးမိလိုက်ပါတယ်။

mgyoe.com

mgyoe.com 

တကယ်တော့ လောကကြီးကတရားပါတယ်၊ လူတွေကသာ ကိုယ့်ဘဝကိုယ် 'တရားမှု' 'မတရားမှု' တွေနဲ့ ဖန်တီးနေကြတာပါ။ သူငယ်ချင်းအဖေရဲ့ငယ်ဘဝကို တော့ မသိပါဘူး၊ ဘယာကြော်ရောင်းတဲ့သူငယ်ချင်းကတော့ ငယ်ငယ်က စာမကြိုး စားပါဘူး၊ အထက်တန်းမအောင်ဘဲ ကျောင်းထွက်ရသူပါ။ ငယ်ငယ်ထဲက ကျောင်း ပြေးပါတယ်၊ အတန်းပိုင်ရဲ့ လူဆိုးစာရင်းဝင်ပါ။ ဒီနေ့လို ပညာခေတ်မှာ ဆယ်တန်း ကိုမှ မတိုးနိုင်လို့ လောကကြီးက တန်တဲ့သင့်တဲ့အလုပ်ကို လုပ်စေတာဖြစ်ပါလိမ့် မယ်။ သူငယ်ချင်းက ပညာမတတ်တော့ အသိနည်းပါတယ်၊ နောက်မွေးဖွားလာ တဲ့ သူ့သားကို သူ့အသိလောက်ပဲ ပေးနိုင်တယ်နဲ့တူပါတယ်။ အဲဒီတော့သူ့ဘဝလည်း ထူထူထောင်ထောင် ဖြစ်မလာတော့ပါဘူး။

'ကံ'အကြောင်း နှိုက်နှိုက်ချွတ်ချွတ်ရေးထားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်လိုက် ရတော့ ကြက်သီးဖြန်းဖြန်းထသွားရပါတယ်။ 'ကံ' ဆိုတာ 'စေတနာ'ပါတဲ့ အကျိုး ဆက်တရားတစ်ခုလို့ အခြေခံအားဖြင့်နားလည်နိုင်ပါတယ်။ လူက 'အကြောင်း တရား' ကို ဖန်တီးသူဖြစ်ပါတယ်။ 'ကံ' ကို 'အသီး' နဲ့ နှိုင်းယှဉ်ပြထားပါတယ်။ ကောင်းသော/ ဆိုးသော စေတနာတွေနဲ့ လုပ်ခဲ့တဲ့အလုပ်တိုင်းမှာ အကျိုးတရားအဖြစ် 'အသီးကောင်း'တွေနဲ့ 'အသီးပုပ်'တွေ သန္ဓေတည်လာမှာဖြစ်ပါတယ်။ အဲဒီအသီးတွေ က 'အကင်း'ကနေ တဖြည်းဖြည်းရင့်မှည့်ပြီး ကောင်းကျိုး ဆိုးကျိုးတွေကို ပေးသွား မှာ ဖြစ်ပါတယ်။

စေတနာကောင်းတွေနဲ့ လုပ်ရပ်မှန်တွေများရင် အသီးကောင်းတွေများပြီး 'ကံကောင်းမှု' တွေ များများခံစားရမှာဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် စေတနာ ဆိုးတွေနဲ့ အခြေခံခဲ့ရင်လည်း တစ်ချိန်ကျရင် 'အသီးပုပ်' တွေရဲ့ရလဒ်နဲ့ ရင်ဆိုင် ရမှာဖြစ်ပါတယ်။ အဲဒီထဲမှာ ဘဝများစွာက 'ကံ' အဟုန်တွေလည်း ပါဝင်ပါတယ်။

ပတ်ဝန်းကျင်မှာ တချို့နည်းနည်းလုပ်ပြီး များများဖြစ်ထွန်းနေကြတာ တွေ့ ရမှာဖြစ်ပါတယ်။ တချို့များများလုပ်ကြပေမယ့် နည်းနည်းပဲဖြစ်နေကြတာတွေကို လည်း မချင့်မရဲနဲ့တွေ့ရမှာ ဖြစ်ပါတယ်။ မူလအကြောင်းရင်းတွေကြောင့်ဖြစ်ပါတယ်။ ပြီးတော့ လိမ္မာပါးနပ်မှုနဲ့ အတိတ်ကံအကြောင်းတွေလည်း ရှိကြပါတယ်။ ဖြန့်ကျက် တွေးကြည့်ရင် အဲဒီအခြေခံအကြောင်းတွေကို သိနိုင်ပါတယ်။

အတိတ်ကံကြီးသူတွေက ပဋိသန္ဓေတည်ကတည်းက အထက်တန်းစားမိဘ တွေရဲ့ဝမ်းထဲမှာ ဝင်စားရပါတယ်။ ပတ်ဝန်းကျင်ကောင်းမှာ ကြီးပြင်းရပါတယ်။ ချွင်းချက်တချို့တော့ ရှိပါတယ်၊ ဥပမာ – ကမ္ဘာ့အချမ်းသာဆုံးသူဌေး Bill Gate ရဲ့ ကံဇာတာက ဒေါ်လာ သန်းထောင်ချီပြီးချမ်းသာဖို့ အတိတ်ကံပါလာတာကြောင့်

mgyoe.com

mgyoe.com


အမေရိကားမှာ လူဖြစ်လာရပါတယ်။ သူနဲ့တစ်ချိန်တည်းတစ်ရက်တည်းမွေးတဲ့သူတွေ သူ့လောက်ကံမကြီး၊ မချမ်းသာနိုင်ဖို့ တခြားဒေသတွေမှာ မွေးပေးရပါတယ်။ Bill Gate ရဲ့ငယ်စဉ်ဘဝအကြောင်း ဖတ်ကြည့်တော့လည်း ချီးကျူးစရာဖြစ်ပါတယ်။ ကွန်ပျူတာကို နက်နက်နဲနဲနားလည်ခဲ့သူ၊ တီထွင်ခဲ့သူလည်း ဖြစ်ပါတယ်။ သူချမ်းသာဖို့ အပေါင်းအသင်းကောင်းလဲ ရ–ရပါတယ်။ အခြေအနေကောင်းတွေလည်း ဖန်တီးနေပါတယ်။

အတိတ်ဘဝရဲ့ 'ကံအင်အား'တွေဟာ 'စွမ်းအင်တည်မြဲခြင်းနိယာမ'အရ တစ်လှည့်စီ အကျိုးပေးနေပါတယ်။ အတိတ်ဆိုတာ ပြန်သွားလို့ရတဲ့အရာမဟုတ်သလို ပြန်ပြင်လို့မရတဲ့အရာလည်း ဖြစ်ပါတယ်။ အနာဂတ်နဲ့ရှင်သန်လိုသူတွေအတွက် ပစ္စုပ္ပန်ကသာ အကောင်းဆုံးပြင်ဆင်၊ ဖန်တီးနိုင်တဲ့အရာဖြစ်ကြောင်း သိဖို့လိုပါတယ်။

'ဘယ်သူမပြု၊ မိမိမှု'ဆိုတဲ့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်ကဆိုစကားဟာလည်း တော်တော်လိုက်နာဖို့ကောင်းတဲ့ ဆုံးမစကားတစ်ခု ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ 'မိမိကိုယ်သာ၊ ကိုးကွယ်ရာ' ဆိုတာလည်း ကိုယ်ကိုယ်တိုင်က ကိုယ့်အနာဂတ်ကို ဖန်တီးနေသူဖြစ်တယ်ဆိုတာ ကွက်ကွက်ကွင်းကွင်းပြောခဲ့တဲ့ သင်ကြားမှုတစ်ခုဖြစ်ပါတယ်။

'မတရားမှု'တွေဆိုတာ သူ့ကံအရှိန် မကုန်သေးမှသာ ကြီးစိုးခွင့်ရကြမှာသာဖြစ်ပြီး၊ အရှိန်ကုန်တဲ့အချိန်မှာ 'တရားမှု'ရဲ့ လွှမ်းမိုးအနိုင်ယူမှုအောက်မှာ နိဂုံးချုပ်ရစမြဲဖြစ်ပါတယ်။ 'ဓမ္မ'က နောက်ဆုံးမှာ 'အဓမ္မ'ကို အနိုင်ယူသွားတာ ရှေးကနိပါတ်တော်တွေမှာ၊ ရာဇဝင်မှာ အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ 'ပကတိ'ကိုမြင်နိုင်ရင် 'အမှန်'ကိုထင်ရှားသဲကွဲရင် ကိုယ်က ပစ္စုပ္ပန်မှာ ဘာလုပ်နေတယ်၊ ဘာလုပ်သင့်တယ်ဆိုတာ ထင်ထင်ရှားရှားသိလာမှာ ဖြစ်ပါတယ်။ မဟုတ်တာလုပ်ပြီး ကောင်းတာလိုချင်ရင် မတရားတဲ့ဆန္ဒသာဖြစ်လို့ လောကကြီးက ခွင့်ပြုမှာမဟုတ်ပါဘူး။

လုပ်ငန်းရှင်တစ်ဦးဖြစ်လို့ တခြားလုပ်ငန်းရှင်များစွာ၊ ဝန်ထမ်းများစွာနဲ့ နှစ်ပေါင်းများစွာ တွေ့ထိခွင့်ရခဲ့ပါတယ်။ ရှေးအတိတ်ကံတွေရဲ့ အရှိန်မကုန်သေးဘဲ အကျိုးပေးချိန်ရောက်လို့ အခြေအနေကောင်းတွေနဲ့ တွေ့ထိခွင့်ရတဲ့လုပ်ငန်းရှင်တွေ အများကြီးပါ။ နည်းနည်းလုပ်ပြီး များများဖြစ်သွားတဲ့သူတွေလည်း မနည်းပါဘူး၊ ဒါပေမဲ့ သူတို့ရဲ့ပစ္စုပ္ပန်ဘဝမှာ ဘယ်လောက်အထိ 'တကယ်'လုပ်နိုင်တယ်၊ အမြော်အမြင် ပညာဉာဏ် ဘယ်လောက်အထိ ကြီးသလဲဆိုတာကို တိုင်းတာမိရင် ဒီဘဝမှာပဲ ဘယ်လိုနိဂုံးချုပ်မယ်ဆိုတာ ပြောလို့ရနေပါတယ်။

အဖေချမ်းသာလို့၊ သားချမ်းသာတာဟာ အတိတ်ဘဝရဲ့အကျိုးပေးပါ။ ချမ်းသာတဲ့သားဟာ ခေတ်ရေစီးကြောင်းကိုမလိုက်နိုင်ရင်၊ ပညာနည်းရင် အဖေသေပြီး

mgyoe.com

mgyoe.com


မကြာခင်မှာမွဲတေမှာ သေချာပါတယ်။ ဆက်ချမ်းသာချင်ရင် အဖေလိုပဲကြိုးစားရမှာကို သိထားဖို့လိုမှာဖြစ်ပါတယ်။ မကြိုးစားဘဲဆက်ချမ်းသာချင်ရင် အိပ်မက်ရဲ့တခဏတာပဲဆိုတာ အခြေခံသိစိတ်မှာတင်ရှိဖို့ကောင်းပါတယ်။ သူဌေးဖြစ်တာခေါင်းကိုက်ရတယ်၊ သူဌေးသားလုပ်စားတာပဲကောင်းတယ်ဆိုတဲ့သူတွေ သင်ခန်းစာယူဖို့ဖြစ်ပါတယ်။ ခေါင်းကိုက်ခံတဲ့သူဌေးက သူ့အဆင့်အတန်းကျမသွားဖို့ ခေါင်းကိုက်ခံနေတယ်ဆိုတာ သိထားဖို့လိုပါမယ်။ ခေါင်းအကိုက်မခံချင်တဲ့ သူဌေးသားအတွက် အခြေအနေအဆင့်အတန်းနဲ့ အလဲအလှယ်လုပ်ရမယ်ဆိုတာ လောကကြီးရဲ့အဘိဓမ္မာမှာ ရှိထားတာမေ့ထားဖို့ မသင့်ပါဘူး။

သားသမီးကောင်းမဖြစ်ခဲ့ရင် ကိုယ်ကိုယ်တိုင် မိဘဖြစ်လာတဲ့အခါမှာ ဘယ်တော့မှသားသမီးကောင်း မရတတ်ပါဘူး။ ကိုယ့်အချိန်မှာ မိဘပေါ်သိတတ်ရင်၊ လိမ္မာခဲ့ရင် ကိုယ်လည်းသိတတ်တဲ့၊ လိမ္မာတဲ့သားသမီးမျိုး ပြန်ရမှာဖြစ်ပါတယ်။ မိတ်ဆွေရှေ့နေတစ်ဦးက ငယ်ငယ်တုန်းက တော်တော်ဆိုးခဲ့ဟန်တူပါတယ်။ မိဘကို မိဘမှန်းမသိအောင် ခပ်အေးအေးနဲ့ကို ဆိုးခဲ့ကြောင်းပြောတာ မှတ်သားဖူးပါတယ်။ တစ်ရက်သူ့သားကိုအလုပ်တစ်နေရာပေးဖို့ ရုံးကိုခေါ်လာပါတယ်။ သူ့သားရဲ့ ဆိုးသွမ်းမှုဒဏ်ကို တော်တော်ခံနေရတာမပြောဘဲ အခြေအနေကြည့်ရုံနဲ့ သိနေနိုင်ပါတယ်၊ အလုပ်ပေးချင်ပါတယ်၊ တခြားဝန်ထမ်းတွေ သူ့ရဲ့စရိုက်ကူးမှာစိုးလို့ အလုပ်မပေးခဲ့မိပါဘူး။ သားသမီးဘဝမှာ သားကောင်းသမီးကောင်း မဖြစ်ခဲ့လို့ပါလားလို့ပဲ စိတ်ထဲသက်ပြင်းချမိပါတယ်။

ဝန်ထမ်းတွေအလုပ်လျှောက်တဲ့အခါ မျှော်မှန်းလစာ မေးလေ့ရှိပါတယ်။ တချို့က စားဝတ်နေရေးကိုအကြောင်းပြပြီး၊ သူ့အစွမ်းအစမပြသေးခင်မှာ လစာများများတောင်းတတ်ကြပါတယ်။ အပြစ်မဆိုပါဘူး၊ တချို့ကြတော့ အစွမ်းအစကို အရင်ပြလိုကြပါတယ်။ အဲဒီလူမျိုးက တစ်ရာမှာတစ်ယောက် တွေ့ရခဲပါတယ်။ လူတော်တစ်ဦးကို ဘယ်တော့မှလုပ်ငန်းရှင်တစ်ယောက်က အဆုံးအရှုံးမခံလိုကြပါဘူး၊ လူကောင်းတစ်ဦးကိုချစ်သလို လူတော်ကိုမြတ်နိုးတာ လုပ်ငန်းရှင်တိုင်းဖြစ်ပါတယ်။

ဘယ်လောက်အထိ လုပ်နိုင်တယ်၊ ဘယ်လောက်အထိ ယုံကြည်နိုင်တယ်၊ ဘယ်လောက်အထိ စိတ်ချနိုင်တယ်၊ ဘယ်လောက်အထိ ကွပ်ကဲမှုအနည်းဆုံးနဲ့ လုပ်နိုင်သလဲ စတဲ့စံနှုန်းတွေ ကိုယ်မှာ ဘယ်လောက်အထိ ရှိသင့်သလဲဆိုတာ အရင်ဆန်းစစ်ဖို့လိုမှာဖြစ်ပါတယ်။ အဲဒီအရည်အချင်းတွေက ကိုယ့်ရဲ့ကြိုးစားမှု၊ အရင်းအနှီးတွေဖြစ်ပါတယ်။ အဲဒီအတွက် တရားတဲ့၊ မျှတတဲ့တုံ့ပြန်မှုကို ပြန်ရမှာ ဖြစ်ပါတယ်။

mgyoe.com

စိတ်ပိုင်းဆိုင်ရာအရည်အချင်းတွေ၊ ပညာရပ်ဆိုင်ရာအရည်အချင်းတွေ၊ ပုဂ္ဂလိကဆိုင်ရာအရည်အချင်းတွေဟာ 'ရင်းနှီးမြှုပ်နှံမှုကောင်း' တွေဆိုတာ မေ့ထားရန်မသင့်ပါဘူး။ ခေတ်အခြေအနေကိုက အဲဒီစွမ်းရည်တွေနဲ့ ရှင်သန်ရမှာဖြစ်ပါတယ်။ 'ငွေ' တစ်ခုတည်းကိုသာ အရင်းအနှီးလို့ထင်တဲ့သူတွေအတွက် အနာဂတ်ဟာ ဝေဝါးနေပါလိမ့်မယ်။ စွမ်းရည်နည်းနည်းနဲ့ ရလဒ်များများလိုချင်တာဟာ 'အချောင်စိတ်' နဲ့ 'တရားသဖြင့်ရှင်သန်ခြင်း' မဟုတ်ပါဘူး။ များများလိုချင်ရင် များများပေးဆပ်ရမှာဖြစ်သလို ကောင်းကောင်းလိုချင်ရင် ကောင်းကောင်းပဲပေးဆပ်ရမှာ ဖြစ်ပါတယ်။

'ရယူခြင်း' အတွက် အမြဲတမ်းတွေးနေသူတွေအတွက် 'ပေးဆပ်ခြင်း' ကို မမေ့စေချင်ပါဘူး၊ 'ပေးဆပ်ခြင်း' အရင်မရှိဘဲ ဘာမှအလကားမရနိုင်ပါဘူး၊ အတိတ်ကံအကျိုးပေးကြီးလွန်းလို့ ရရင်တောင် မမြဲတဲ့ရခြင်း၊ တခဏတာရခြင်းမျိုးပဲ ဖြစ်ပါလိမ့်မယ်။ 'ငွေ'ကို ငွေနဲ့ရင်းတဲ့လုပ်ငန်းတွေမှာ အရှုံးအမြတ်ရှိပေမယ့် 'ပညာ၊ အသိ' နဲ့ရင်းတဲ့သူတွေမှာ အရှုံးမရှိ၊ အမြတ်ချည်းပဲဆိုတာ သတိထားကြည့်ရင် တွေ့နိုင်ကောင်းပါတယ်။

ဒေါ်လာသန်းချီချမ်းသာဖို့၊ ငွေရင်းရန်မလိုတော့ပါ။ အနောက်ဘက်က CEO တော်တော်များများ ဒေါ်လာသန်းချီချမ်းသာကြပါတယ်။ သူတို့ရဲ့အတွေ့အကြုံ၊ ပညာနဲ့အုပ်ချုပ်မှုပညာတွေကို ကုမ္ပဏီတွေက ဒေါ်လာသန်းချီပြီး ကန်တော့နေကြရပါတယ်။ ရာထူးမတိုးလို့စိတ်ဓာတ်ကျပြီး တစ်သက်လုံး ကုမ္ပဏီဝန်ထမ်းလုပ်မယ်ဆိုတဲ့ ပညာရေးဝန်ထမ်း ကထိကတစ်ဦးကို တွေ့ဖူးပါတယ်။ နယ်ပယ်ကွာဟမှုနဲ့ အခြေအနေသစ်ကို လက်ခံကျင့်သုံးနိုင်သူတစ်ဦးဖြစ်မှန်း အကဲခတ်မိပါတယ်။ သူ့ကို Motivation ရအောင် လှုံ့ဆော်ပေးပါတယ်။ အသိမြင့်တဲ့လူဆိုတာ အနာဂတ်ရှိဖို့၊ အဲဒီအနာဂတ်ကို ကိုယ့်လက်ထဲမှာထားဖို့ကစပြီး ကုမ္ပဏီမှာ (၃) နှစ်ထက်ပိုလုပ်ရင် ကိုယ့်အရည်အချင်း ဘယ်လောက်ဆိုတာ တိုင်းတာနိုင်ဖို့အထိ ပြောမိခဲ့ပါတယ်။

အနောက်ဖက်က ဧည့်သည်တွေနဲ့ Meeting လုပ်ရင် သူ့ကိုဝင်ခိုင်းပါတယ်။ Dinner ကျွေးရင် သူ့ကိုခေါ်သွားလေ့ရှိပါတယ်။ ခရီးထွက်ရင်လည်း တချို့နေရာတွေမှာ သူ့ကိုဦးဆောင်ခိုင်းပါတယ်။ မကြာခင်ထွက်ခွင့်တင်ပါတယ်၊ ကျွန်တော့်ကုမ္ပဏီတွေထဲက တစ်ခုသောဂျပန်ကုမ္ပဏီကို ပြောင်းသွားပါတယ်။ Employment Record ကိုကြည့်လိုက်တော့ သူ့လုပ်သက်က နှစ်လခွဲပဲရှိပါတယ်။ Motivated ဖြစ်သွားပြီး၊ ကိုယ့်လမ်းကိုယ်ထွင်သွားနိုင်သူ ဖြစ်ပါတယ်။ သည်နေ့ Switzerland မှာ တစ်လ ဒေါ်လာနှစ်သောင်းရနေသူ ဖြစ်နေပါတယ်။

ပြင်သစ်မှာပြန်တွေ့ပါတယ်၊ မြန်မာစိတ်ဓာတ်အပြည့်ရှိနေဆဲဆိုတာ သတိပြုမိ

mgyde.com

mgyoe.com

ပါတယ်၊ တချို့က ကျေးဇူးတရားကို အမှိုက်ပုံးထဲလွှင့်ပစ်တတ်ကြပါတယ်၊ သူ့မှာ အဲဒီစိတ်မရှိပါဘူး၊ ဟိုမှာအနေကြာတာတောင်မှ ရိုက်ကျိုးတုန်းတွေ့ရလို့ ဝမ်းသာရပါတယ်။ ရှားရှားပါးပါး တစ်ဦးတလေတွေ့ရတဲ့သူမျိုးပါ။ တရားသဖြင့် ရှင်သန်သွားသူလည်း ဖြစ်ပါတယ်။

သူနဲ့ဆန့်ကျင်စွာပဲ တော်တော်များများက မလုပ်၊ မရှုပ်၊ မပြုတ်နဲ့ပဲ ဘဝကို ကျေနပ်ကြသူတွေသာ အတွေ့ရများပါတယ်၊ ပေါ့ပေါ့သမားတွေရဲ့အနာဂတ်ဟာ ခပ်ပေါ့ပေါ့ပဲဖြစ်နေကြမှာ ဖြစ်ပါတယ်။ တချို့လုပ်သက်ကြာလို့ သံယောဇဉ်နဲ့ လစာတိုးပေးထားရတာဖြစ်ပြီး အစွမ်းအစကိုမတွေ့ရပါ။ နိဂုံးချုပ်ဘဝအတွက် ရင်လေးရပါတယ်။ နည်းနည်းပြောပြီး များများရကြသူတွေမှာ အနာဂတ်ကောင်းပါတယ်၊ များများပြောပြီး နည်းနည်းရကြသူတွေမှာ အနာဂတ်သိပ်မကောင်းကြပါ။

အခြေခံကောင်းရှိရက်နဲ့ မတိုးတက်နိုင်သူတွေဟာ ကိုယ့်ကြောင့်ပဲဖြစ်တယ်ဆိုတာ မသိသလိုဖြစ်နေတတ်ကြတာ သတိပြုမိပါတယ်၊ ပေးဆပ်မှုနည်းတာပဲဖြစ်ပါတယ်၊ လောကကြီးဟာ 'ပေးဆပ်ခြင်း' နဲ့ 'ရယူခြင်း' နှစ်မျိုးနဲ့သာ တည်ဆောက်ထားတယ်လို့ ပညာရှိတစ်ဦးကပြောဖူးပါတယ်။ မပေးဆပ်ဘဲ ဘာမှအလကား မရပါဘူး။ အချောင်လိုချင်သူ၊ မှီခိုစိတ်များသူဟာ 'မတရားသဖြင့်' ရှင်သန်လိုသူတွေသာ ဖြစ်ပါတယ်။ မတရားမှုဟာ ဘယ်တော့မှမတည်တံ့ဘူးဆိုတာ အခြေခံစိတ်မှာတင် သိထားဖို့လိုမှာဖြစ်ပါတယ်။

'ကံ' အကြောင်းမှာ 'တူသောအကျိုးပေး' ဆိုတာရှိပါတယ်။ 'ကံ' ဆိုတာ စွမ်းအင်တစ်မျိုးဖြစ်တယ်ဆိုတာ ယုံကြည်ရင်၊ အဲဒီစွမ်းအင်ဟာ ဘယ်တော့မှ ဖျောက်ဖျက်လို့မရဘူးဆိုတာ ဒုတိယအသိမှာ ထင်ဟပ်လာမှာဖြစ်ပါတယ်။ တတိယအသိမှာ အဲဒီ 'ကံ' ဆိုတဲ့စွမ်းအင်ကို ဘယ်လိုအသုံးချမလဲ၊ ဘယ်လိုမွေးမြူမလဲဆိုတာ သိလာမှာဖြစ်ပါတယ်။ အဲဒီသုံးမျိုးလောက်သိရင်ကိုပဲ အနာဂတ်မှာ တရားသဖြင့် ရှင်သန်ခြင်းကို ရရှိမှာဖြစ်ပါတယ်၊ ဆေးလိပ်သောက်ရင် ကင်ဆာဖြစ်ပါတယ်၊ ပညာလှူရင် ပညာကြီးပါတယ်၊ ဥစ္စာလှူရင် ဥစ္စာတိုးပါတယ်၊ စေတနာကောင်းကိုတော့ အခြေခံရမှာဖြစ်ပါတယ်။ လူသတ်ရင်ထောင်ကျပါတယ်။ တူတဲ့အကျိုးပေးတွေဖြစ်ပါတယ်။

ကိုယ်ဘာလိုချင်သလဲ၊ ကိုယ့်အနာဂတ်ဘာဖြစ်ချင်သလဲဆိုတာ ကိုယ့်ခံယူချက်ပေါ်မှာပဲ မူတည်ပါတယ်။ ချမ်းသာလို့ ပါမောက္ခမဖြစ်ပါဘူး၊ ပညာကြီးမှ ပါမောက္ခဖြစ်မှာ ဖြစ်ပါတယ်။ မပေးဆပ်လို့ ဘာမှမရပါဘူး၊ ရချင်ရင် အရင်ပေးကြပါ။

mgyoe.com

mgyoe.com

# မြန်မာ–ထိုင်းခရီးစဉ်

7th July 2005

သည်တစ်ခါ မြန်မာ–ထိုင်း လေးကြိမ်မြောက် စီးပွားရေးဖွံ့ဖြိုးမှုဆွေးနွေးပွဲခရီးစဉ်မှာ အဖွဲ့ဝင်တွေတော်တော်များပါတယ်။ စုစုပေါင်း ၃၇ ယောက်၊ မြန်မာနိုင်ငံကုန်သည်ကြီးများအသင်း၊ သစ်လုပ်ငန်းရှင်များအသင်း၊ National Development Company Group ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတွေ ပါဝင်ကြပါတယ်။ ခရီးစဉ်က (၁၅–၆–၂၀၀၅) ကနေ (၁၉. ၆. ၂၀၀၅)နေ့အထိ ငါးရက်ကြာပြီး ထိုင်းနိုင်ငံဘက်က အဖွဲ့အစည်း တော်တော်များများနဲ့လည်း တွေ့ဆုံဆွေးနွေးဖို့ဖြစ်ပါတယ်။

အသင်းခေါင်းဆောင်က ဦးခင်ရွှေ (ဇေကမ္ဘာ)ဖြစ်ပြီး၊ ရန်ကုန်လေဆိပ်အထွက်မှာ အဖွဲ့နဲ့အတူပါမလာနိုင်ပါဘူး။ သူ့သားသည်းခြေအိတ်ကျောက်တည်တာ စင်ကာပူမှာလေဆာနဲ့ချေရမှာမို့ စင်ကာပူကနေဘန်ကောက်ကို ညဘက်ကျမှ လာပူးပေါင်းမှာဖြစ်ပါတယ်။ သူ့ခမျာလည်း ပြေးလိုက်လွှားလိုက်နဲ့ တော်တော်ပင်ပန်းရှာပါတယ်၊ လူမှုရေးစိတ်ဓာတ်ရှိလို့သာ အဲသလောက် ဝဝခန္ဓာကိုယ်ကြီးကို တစ်နေရာက တစ်နေရာ သယ်နေနိုင်တာပါ။ လူမှုရေးကိစ္စ၊ အသင်းအဖွဲ့ကိစ္စတွေကို တော်တော်များများ အချိန်ဖဲ့ဖဲ့ပေးနေရလို့ မိသားစုအတွက် အချိန်အတော်နည်းနေရတဲ့သူ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကုန်သည်ကြီးများအသင်းရဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကိစ္စတစ်ခုကြောင့် လိုက်မလာနိုင်ပါဘူး။ ဦးမြတ်သင်းအောင် (Myanmar Industries Associa-tion)၊ ဦးအောင်လွင် (Myanmar Forest Product & Timber Merchants Association)၊ ဦးထွန်းအောင် (UMFCCI) ၊ ဦးရန်ဝင်း (A-1) ၊ ဦးရွှေကြိုင်

mgyoe.com